ဥပါသကာ, ဥပါသိကာ သူတော်စင်များ

သင်ခန်းစာယူစရာ ပါရှိသော

# ယမမင်းထံအာစစ်ခံသံပေါက်

# အဖွင့်ကျမ်း

## ယမမင်းနှင့် ငရဲသား


အရှင်ကေလာသ ဓမ္မာစရိယ, ဂဏဝါစက

B.A.Hons. ဝိဇ္ဇာဂုဏ်ထူး (သီရိလင်္ကာ)

ရေးသားဖွင့်ဆိုသည်။



ပြည်ထောင်စု ဆိုရှယ်လစ်သမ္မတ မြန်မာနိုင်ငံတော်

သာသနာရေးဦးစီးဌာန

သာသနာ ၂၅၂၅၊ ကောဇာ ၁၃၄၃၊ ခရစ် ၁၉၈၂၊

ဥပါသကာ၊ ဥပါသိကာ သူတော်စင်များ

သင်ခန်းစာယူရာပါရှိသော

# ယမမင်းထံ အာစစ်ခံသံပေါက်

# အမှုကြီးကျမ်း

## ယမမင်းနှင့် ငရဲသား

အရှင်ကေလာသ ဓမ္မာစရိယ၊ ဂဏဝါစက
B.A. Hons. ဝိဇ္ဇာဂုဏ်ထူး (သိရိလင်္ကာ)
ရေးသားပြုစုသည်။


ပြည်ထောင်စု ဆိုရှယ်လစ်သမ္မတ မြန်မာနိုင်ငံတော်
[illegible] ပုံနှိပ်တိုက်
သာသနာရေးဦးစီးဌာန
သာသနာ [illegible] ၂၊
ကမ္ဘာအေး၊ ရန်ကုန်။

ပဌမနှိပ်ခြင်း ၁၉၈၂-ခု ၄၀၀၀

ရန်ကုန်မြို့၊ ကမ္ဘာ့အေး၊ သာသနာရေးဦးစီးဌာနအတွက်
အမှတ် ၁၁၊ ၁၂၅-လမ်း၊ ကန်တော်ကလေး၊
နေလင်းပိဋကတ်ပုံနှိပ်တိုက် (၀၂၀၃၀)တွင်
ဒေါ်တင်လှက ပုံနှိပ်၍
ဒုတိယညွှန်ကြားရေးမှူး ဦးမြင့်မောင်
မှတ်ပုံတင်အမှတ်(၀၂၅၂၇)က ထုတ်ဝေသည်။

# ယမမင်းထံ အစစ်ခံသံပေါက်အဖွင့်ကျမ်း

## နိဒါန်း

**အဖိုးတန်စာကောင်းပေမွန်။** ။"ဒိုကဲ့ ဖယာကြား၊လူပြည်သွား၊ ဘယ်တရားများ ကျင့်ခဲ့တယ်" အစချီသော ယမမင်းထံ အစစ်ခံသံပေါက်ကျမ်းငယ်သည် အဖိုးတန်စာကောင်းပေမွန် ဖြစ်ပေသည်။ စာပေရသနှင့် အဓိပ္ပာယ်အပြည့် ပါရှိသော သံပေါက်ကျမ်းငယ်ဖြစ်သည်။

**တရားသံဝေရစေနိုင်။** ။ဤ သံပေါက်ကျမ်းကလေးသည် တရားစာပေဓာတ်ခံရှိသူတို့ကို တရားသံဝေ ရစေနိုင်သည်။ပြုပြင်စရာရှိလျှင်လည်း ပြုပြင်နိုင်ရန် ဤသံပေါက်ကျမ်းကလေးက နှိုးဆော်ပေးနေသည်။

**ဒေဝဒူတသုတ်ကို နည်းမှီးစီရင်ခဲ့။** ။ပြုစုသူပညာရှင်သည် ဤယမမင်းထံ အစစ်ခံသံပေါက်ကို မဇ္ဈိမနိကာယ် ဥပရိပဏ္ဏာသ ပါဠိတော်လာ ဒေဝဒူတသုတ် [၁] ကို နည်းမှီး၍ ဉာဏ်ရည် ကွန့်မြူး၍ စီရင်ခဲ့ကြောင်း မှန်းဆ၍ သိနိုင်လေသည်။

---

၁။ မ၊ ဥ။ ၂၁၆-၂၂၅။

**ဒေဝဒူတသုတ် အဓိပ္ပာယ်အကျဉ်းချုပ်။** ။ဖော်ပြပါ ဒေဝဒူတသုတ်အကျဉ်းချုပ်အဓိပ္ပာယ်မှာ ဤသို့တည်း—ဒုစရိုက်ပြု၍ ငရဲကျသူအား ယမမင်းထံ ဆွဲခေါ်အပ်နှံသဖြင့် ယမမင်းက—

၁။ ကလေးသူငယ်
၂။ သူအို
၃။ သူနာ
၄။ အညှဉ်းခံ (အကျဉ်းသား)
၅။ သူသေ-ဟူသော သေမင်းတမန် ၅–ဦးဖြင့် [1] စစ်ဆေးပြီးလျှင် ပြစ်မှုထင်ရှား၍ အဝီစိငရဲ ကျခဲ့ရသူသည် ထိုငရဲမှ လွတ်ခွင့်ရသောအခါ၌လည်း ဘင်ပုပ်ငရဲ၊ ပြာပူငရဲ၊ လက်ပံတောငရဲ၊ သံလျက်ရွက်တောငရဲ၊ ကြေးနီငရဲ၊ သံပူငရဲ တို့၌ ဆက်လက်ခံရပုံ ဒုက္ခမျိုးစုံ စသည်တို့ကို ဘုရားရှင် ဟောတော်မူသည်။ နောက်ဆုံးတွင် အပ္ပမာဒတရား (သတိတရား) ဆက်ကိုင်ထားကြရန် ဘုရားရှင် ဟောတော်မူသည်။

**ယမမင်းစစ်ဆေးမှု။** ။လူ့ပြည်မှာ ရှိနေသော ကလေး၊ သူအို၊ သူနာ၊ သူသေ၊ အကျဉ်းသမား ဤ ၅-ဦးသားကို ယမမင်းစေလွှတ်အပ်သော တမန်တော်နှင့် မခြားတမူ အလားတူရကား ဒေဝဒူတဟု ခေါ်ဝေါ်သည်။ ယမမင်းသည် မိမိထံမှောက်သို့ ရောက်လာသော ငရဲသားများကို ဒေဝဒူတသေမင်းတမန် ၅-မျိုးကို ဖော်ပြ၍ စစ်ဆေးလေ့ရှိသည်။

---

၁။ သူအို၊ သူနာ၊ သူသေ—ဟူသော ၃-ဦးကိုဟု (တနည်းဆို)။

**ယမရာဇာ။** ။အို အမောင်ယောကျ်ား....လူ့ပြည်တုန်းက ကိုယ့်ကျင်ကြီးကျင်ငယ်ကိုပင် မသုတ်သင်နိုင်ရှာပဲ ကျင်ကြီးကျင်ငယ်ထဲမှာ လူးကာလိမ့်ကာ နေရရှာသော ကလေးသူငယ်များကို မတွေ့ခဲ့ဘူးလား။

**ငရဲသား။** ။အို ယမရာဇာ...တွေ့ခဲ့ဘူးပါသည်။

**ယမရာဇာ။** ။အို အမောင်ယောကျ်ား...သင်သည် မိမိကိုယ်တိုင် နားလည်သောအရွယ်သို့ရောက်သည့်အခါ ထိုကလေးသူငယ်များကို ကြည့်ရှု၍ "ငါသည် ဘာမျှ နားမလည်ရှာသော ယခုလို ကလေးသူငယ်ဖြစ်ရန် နောင်အခါ ပင်္ဂသန္တေ နေရဦးမည်၊ ပင်္ဂသန္တေ နေရခြင်းဆိုတဲ့ သဘောကို မလွန်မြောက်နိုင်သေးပါတကား၊ ယခုကပင် ကြိုးစား၍ ကိုယ်၊ နှုတ်၊ နှလုံး စောင့်သုံးလျက် ကောင်းစွာနေမှ တော်တော့မည်၊ ကုသိုလ်ကောင်းမှု ပြုမှတော်တော့မည်" ဟု အကြံအစည်များ မဖြစ်ဘူးလားဟု လွန်စွာ ကြင်ကြင်နာနာ မေးသည်။

**ငရဲသား။** ။အို ယမရာဇာ....ကျွန်တော်မျိုး မေ့လျော့သည့်အတွက် ကုသိုလ်ကောင်းမှု၌ စိတ်မဝင်စားမိခဲ့ပါ။

**ယမရာဇာ။** ။အို အမောင်ယောကျ်ား....မကောင်းမှုကိုဆွေမျိုးဉာတကာဆရာမိဘစသူတို့ ပြုပေးကြသည်မဟုတ်၊ အမောင်ယောကျ်ားကိုယ်တိုင်ပြုခဲ့သည်ဖြစ်၍မိမိပြုဖန်မိမိဒဏ်ကိုမေ့လျော့သူတို့၏ ထုံးစံအတိုင်း အမောင်ယောကျ်ား ခံရချေတော့မည်။

ယမမင်းသည် ဤနည်းအတိုင်း သူအိုညွှန်ပြ၍ ၂-ကြိမ်မြောက် မေးသည်။ သူနာကို ညွှန်ပြ၍ ၃-ကြိမ်မြောက်မေးသည်။ သူသေကို ညွှန်ပြ၍ ၄-ကြိမ်မြောက် မေးသည်။ အကျဉ်းသမားကို ညွှန်ပြ၍ ၅-ကြိမ်မြောက် မေးသည်။

ကုသိုလ်ပြုစဉ် ယမမင်းအား အမျှဝေရကျိုး။ ။ဖော်ပြခဲ့သည့်အတိုင်း ၅-ကြိမ်တိုင်တိုင်မေး၍ မိမိပြုခဲ့သည့် ကုသိုလ်ကောင်းမှုကို သတိမရသေးလျှင် ယမမင်းကိုယ်တိုင် ထိုသူကုသိုလ်ကောင်းမှုပြုစဉ်က မိမိအား အမျှအတန်း ပေးဝေဘူးသလားဟု စဉ်းစား၏။ စဉ်းစား၍ရလျှင် ထိုကုသိုလ်ကို ထုတ်ဖော်ပြောဆို၏။ ယင်းသို့ ယမမင်းက ဖော်ပြ၍ဖြစ်စေ၊ မိမိဘာသာသတိရ၍ဖြစ်စေ ကုသိုလ်ကို သတိရသည်နှင့်တပြိုင်နက် ငရဲမှလွတ်မြောက်၍ နတ်ပြည်ရောက်သူတွေ အများအပြားပင်ရှိသည်။ ယမမင်းသည် ကိုယ်တိုင်စဉ်းစား၍ မရသောအခါ တုဏှိဘာဝေ ဆိတ်ဆိတ်နေလေတော့သည်။ ထိုအခါ ငရဲသားသတ္တဝါကို ငရဲထိန်းတို့က ယူဆောင်၍ ငရဲမှာငစ်ချ အမျိုးမျိုးအဖုံဖုံနှိပ်စက်တော့သည်။

တိုက်တွန်းချက်။ ။အို သူတော်ကောင်း....အသင်သူတော်ကောင်းသည် လူ့ဘငရခိုက် မခေပါ့မဆပါနှင့်၊ အနည်းဆုံး

---

၁။ ဤအချက်ကိုထောက်၍ ကုသိုလ်ကောင်းမှုပြုသောအခါ ယမမင်းအား အမျှဝေကြသည်။

**မတတ်နိုင်ဘူးဆိုလျှင်** ဘုရားဆင်းတုတော် စေတီတော်မြတ်**အား** ဘုရားဂုဏ်ရည်မှန်း၍ ဆွမ်းတော်၊ ပန်းတော်၊ ရေချမ်းတော်၊ ဆီမီးတော်လောက်ကိုသော်လည်း ပူဇော်လှူဒါန်း၍ **ယမမင်းအား**လည်း အမျှဝေမိအောင်ဝေပါ။ ဘုရား၊ တရား၊ သံဃာ့ဂုဏ်များ နှလုံးသွင်းပါ၊ ရုပ်နာမ်နှစ်ပါး မမြဲ၊ ရုပ်နာမ်နှစ်ပါး ဆင်းရဲခြင်းသဘော ရှိ၏၊ ရုပ်နာမ်နှစ်ပါး အနတ္တ=အစိုးမရ စသည်ဖြင့် နှလုံးသွင်းရှုမှတ်ပေးပါလေသော။

**ယမမင်းထံ အစစ်ခံသံပေါက်အဖွင့်ကျမ်းရေးခြင်း။** ။မိမိသည် ဤယမမင်းထံအစစ်ခံ သံပေါက်ကျမ်းငယ်ကို ဦးပဉ္စင်းငယ်ဘဝက တွေ့ရှိ၍ စာအုပ်ငယ်အဟောင်းတွေ တော်တော်များများ မှာယူပြီး ဓမ္မဒါန ပြုခဲ့ဘူးသည်။ သံပေါက်များကိုလည်း ကျက်မှတ်ခဲ့ဘူးသည်။ မြို့မနိကာယ်ချုပ်ဖိုးဥ ဥရိပဏ္ဏာသ ဒေဝဒူတသုတ်ဆောက်တောလည်း ယင်းသံပေါက်ကို အမှတ်ရလာသည်။ ယခုတဖန် ယင်းသံပေါက်များကို သတိရသဖြင့် စာဝါနားရက်တွင် ၃-ရက် အချိန်ယူပြီး စာရှုသူတို့ ပိုမိုနားလည်အောင် ဤယမမင်းထံ အစစ်ခံသံပေါက်ကျမ်းအဖွင့်ကို ရေးသား ပြုစုရာ မနေ့က အားလုံးပြီ ဆို၍ ယနေ့နိဒါန်း ပြီးဆုံးပါသည်။

**သာသနာ**ရေးဦးစီးဌာနမှူလှူ။ ။ယင်းသို့ အဖွင့်ရေးသားပြီး **အများတကာ** ကြည့်ရှုလေ့လာ ဓမ္မဒါနပြုနိုင်ရန် **သာသနာ**

ရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးကြည်ညွှန့်အား အပ်နှင်း၍ သာသနာရေးဦးစီးဌာနသို့ လှူဒါန်းပါသည်။

ဒါနကောင်းမှု အစုစု ပြုနိုင်ကြပါစေ။

ငါးပါး ရှစ်ပါး စသည်များလှ ကျင့်သီလ စောင့်နိုင်ကြပါစေ။

ဘာဝနာပွားမှု အလုပ်စု ပြုနိုင်ကြပါစေ။

အရှင်ကေလာသ

ဓမ္မာစရိယ၊ ဂဏဝါစက၊ ဘီ-အေ(ဂုဏ်ထူး)
သာသနဇောတိပါလကျောင်း
မဟာဝိသုဟာရာမတိုက်
ပခုက္ကူမြို့။

၁၃၄၃-ခုနှစ်၊ သီတင်းကျွတ်လဆုတ် ၅-ရက်နေ့။

# ယမမင်းထံ အစစ်ခံသံပေါက်

နမော တဿ ဘဂဝတော အရဟတော

သမ္မာသမ္ဗုဒ္ဓဿ။

၁။ အိုကွဲ့ ယောကျ်ား လူ့ပြည်သား ဘယ်တရားများ ကျင့်ခဲ့တယ်။
ကျွန်တော်မျိုးမှာ လျှောက်စရာ ဘယ်ဟာကိုမျှ မရှိဘယ်။

၂။ ကုသိုလ်ကောင်းမှု တခုခု မပြုခဲ့လားကွယ်။
ယမရာဇာ မေးသောခါ ခမျာမှိုင်၍ နေရှာတယ်။

၃။ အမောင်ယောကျ်ား သတိထား စဉ်းစားပါဦးကွယ်။
ဗုဒ္ဓမြတ်စွာ သာသနာ မထွန်းပါလားကွယ်။
ကျွန်တော်တို့ရွာ သာသနာ ထွန်းလှပါတော့တယ်။

၄။ ပဋ္ဌဗ္ဗိဘာ ဒုလ္လဘာ မရခဲ့လားကွယ်။
သာသနာစက် ရဟန်းဘက် စိတ်မျှမကွက်ဘယ်။

၅။ ရဟန်းဖြစ်မှာ မင့်ဆရာ မဟောပါလားကွယ်။
ကျွန်တော့်ဆရာ ဟောပြရှာ နားမှာမဝင်ဘယ်။
ကျွန်တော့်စိတ်မှာ သည်အခါ ရှာသာရောက်တော့တယ်။

၆။ ယောကျ်ားစစ်ပ လူလူပ မင့်ဘဝကိုနှမြောတယ်။
လူတို့ပြည်ရွာ အမောင်မှာ ဘာများလုပ်ခဲ့ဘာယ်။
ကျွန်တော့်မယားစားဖို့များ ကြိုးစားလုပ်ခဲ့ဘာယ်။
၇။ အမောင်အမောင် ယောင်တောင်တောင် အမောင်
မှားခဲ့တယ်။
သဒ္ဓါဖြောင့်တန်း ဒါနခန်း ပြောစမ်းပါဦးကွယ်။
သားကြီးရှင်ဖြစ် ကျွန်တော်စစ် ညွှစ်၍လှူခဲ့ဘာယ်။
၈။ လှူသောအခါ စေဘနာ သုံးဖြာညီလားကွယ်။
သုံးချက်စေဘနာ နည်းလှပါ မှန်စွာလျှောက်တော့
မယ်။
ကျွန်တော့်အလှူ ကျွေးဘော့ပူ ငွေကူမျှော်မိဘာယ်။
ကူငွေနှင့်သာ ငါလှူတာ ထေမိပါယင်တော်ရော့
မယ်။
ကျွန်တော်မျိုးမှာ သည်လိုသာ အောက်မေ့မိပါ
တယ်။
၉။ ယုတ်မြတ်မဟူ စားသောက်သူ ကြည်ဖြူပါလား
ကွယ်။
ငွေကူချားဆာ လူချမ်းသာ မျက်နှာလိုက်၍ ကျွေးခဲ့
တယ်။
မျက်နှာနည်းပါး လူမွဲချား မလှဲသာကျွေး ကျွေး
ရတယ်။
လူချမ်းသာလျှင် မကျွပ်ဝင် ဖျာလျှင်သင်ဖြူး ခင်း
ပေးဘာယ်။

သည့်ကိုဟိုကို ကြပါဆို ဗျိုဗျာမစဲ ခေါ်ခဲ့တယ်။
ကွမ်းဆေးလက်ဖက် ဆီစက်စက် ဝက်နှင့်ကြက်သား
ကျွေးခဲ့တယ်။

၁၀။ မင်းအသျှုံပာ ငွေတွေသာ နှမြောပါဘိကွယ်။
ပရိက္ခရာ ဆောင်ရန်မှာ ကောင်းစွာလှူလေးကွယ်။
ပရိက္ခရာ ညံ့လှစွာ ဖိုးချိုတာမှ ငယ်ခဲ့တယ်။

၁၁။ လှူသောအခါ ပစ္စည်းမှာ စင်ကြယ်ပါလေးကွယ်။
ကျွန်တော်လှူတာ ပစ္စည်းမှာ ခိုးတာများခဲ့တယ်။

၁၂။ ပစ္စည်းကုန်သာ မင်းလှူဘာ ဝမ်းနည်းပါသေတယ်။
ဘုန်းကြီးပင့်ခန်း အလမ်းလမ်း ပြောစမ်းပါဦး
ကွယ်။
အကျင့်သိက္ခာ ရွေးချယ်ကာ မြတ်ရာ ကိုယ်တော်
ပင့်လားကွယ်။
သည့်လိုဟာမှာ မခေလ့လာ မျက်နှာနာမှ ပင့်ခဲ့တယ်။
နှုတ်ဆက်ခေါ်ဝင် မျက်နှာရှင် ပုဂ္ဂိုလ်ကောင်းလို့
ထင်ခဲ့တယ်။
သည့်လိုဆရာ ကျွန်တော့်မှာ များစွာပင့်ခဲ့တယ်။
တို့အမျိုးပါ တို့ဆရာ တို့ရွာကိုယ်တော်ပင့်ဦးမယ်။
ပြောင်းနှင့်စပါး မင်းတို့များ ဘယ်လောက်ရသား
ကွယ်။
ကျောင်းကိုများသွား တဟားဟား လက်ဖက်ကွမ်း
စားတယ်။

ငှက်ပျောအုန်းသီး တကာကြီး မြိုးစမ်းပါဦးကွယ်။
သည့်လိုခေါ်ဆို မျက်နှာချို ထိုပုဂ္ဂိုလ်မှ ပင့်ခဲ့တယ်။
ကျွန်တော်တို့ရွာ လှူကြတာ သည်လိုချည်းသာ ပင့်
ကြတယ်။

၁၃။ အမောင်လှူတာ ဗလချာ တန်ပါဦးတော့ကွယ်။
အင်္ဂါငါးလီ ပဉ္စသီ ဆောက်တည်ပါသွားကွယ်။
သီလငါးပါး ကျင့်တရား ပျက်ပြားများခဲ့တယ်။
သက်သတ်ခိုးမှု ကာမေသု တခုကျန်ပေါက်ခဲ့တယ်။
မုသားသေရည် ဤနှစ်လီ ဝသီရှိတိုင်းကျင့်ခဲ့တယ်။

၁၄။ ဖြစ်ခဲလေစွ လူ့ဘဝ သနားလှတော့တယ်။
ကျွန်တော်ချည်းသာ မဟုတ်ပါ လူတကာလဲ ပျက်
ကြတယ်။
မိန်းမတွေဟာ ပျက်လိုက်တာ ဈေးဝယ်ရာခဘောင်
ရန်ဖြစ်တယ်။

၁၅။ သည်မှာခန်း ရှေ့သို့လှမ်း မေးစမ်းပါဦးမယ်။
ဘုရားတရား သံဃာများ ဝပ်တွားပါသွားကွယ်။
ဘုရားဖူးများ တဟားဟား ပျော်ပါးရအောင်
လိုက်ဖူးတယ်။

၁၆။ လိုက်ခဲ့သောအခါ မြတ်ဗုဒ္ဓါ ကြည်ညိုလှစွာ ဖူးလား
ကွယ်။
ဗုဒ္ဓဂုဏ်တော် စိတ်မစော ရယ်မော စားသောက် ပြန်
ခဲ့တယ်။

၁၇။ မာတာပိတာ မိနှင့်ဖ ညွတ်ခရှဲလားကွယ်။
မညွတ်ခပဲ ကျွန်တော်လဲ ဆဲတောင်ဆဲသေးတယ်။
၁၈။ မှားငွေမှားစု မောင်ဗာလ သနားပါဘိကွယ်။
တရားတော်မှာ ဒေသနာ ကြားနာရှဲလားကွယ်။
စိတ်ကမပါ ရှက်လိုက်တာ လူဆိုမှာကြောင့် နား
ဘူးတယ်။
၁၉။ နာသောအခါ မင့်စိတ်မှာ သဒ္ဒါကြည်နူး ရှိလား
ကွယ်။
ကတောင်ချောက်ချား စိတ်ကသွား တောထဲများ
တောင် ရောက်သေးတယ်။
၂၀။ ပုဂ္ဂိုလ်များစွာဟောကြားပါသည်တခါလားကွယ်။
ကျွန်တော်မျိုးမှာ သည်တခါ လူမျက်နှာကြောင့်
လိုက်သေးတယ်။
၂၁။ သည်တခါနာ အမောင့်မှာ ကြည်ညိုပါလားကွယ်။
တရားလည်းချ အိပ်ရေးဝ ထရှုပြုံးခဲ့တယ်။
မိန်းမတွေဟာ ငိုက်လိုက်တာ ကျွန်တော်ထက်
တောင် သာသေးတယ်။
၂၂။ စံကျောင်းဝိဟာ မြတ်သံဃာ ဆည်းကပ်ပါလား
ကွယ်။
ဆွမ်း,မုန့်,ငှက်ပျော ကျောင်းမှာပေါ ရှေ့၍ လိုက်
ဘူးတယ်။
၂၃။ လိုက်သောအခါ ထေရ်သံဃာ ရဟန္တာသို့ ထင်လား
ကွယ်။

ဘုန်းကြီးနားမှာ မရောက်ပါ တော်ရာချောင်ကနေ
ခိုခဲ့တယ်။

၂၄။ ခိုသောအခါ မင်းစိတ်မှာ ကြည်ညိုပါလားကွယ်။
ကြည်ညိုဝေစွာ ကျွန်တော့်မှာ စားစရာသာကြည့်ခဲ့တယ်။
စားစရာပင် ကြည့်ရှုမြင် ဘုန်းကြီးကပင်နှုမြောတယ်၊
သည်လိုများပေ ကျွန်တော်လေ ဆိုတောင်ဆိုမိတယ်။
ကျွန်တော်ချည်းသာ မဟုတ်ပါ သူတကာလဲဆိုကြတယ်။

၂၅။ ကျောင်းပစ္စည်းများ အမောင့်အား မစားမသောက်ကင်းလားကွယ်။
စားသည့်ထမင်း ဝမ်းတောင့်တင်း ကျောင်းကအနိုင်ဆင်းခဲ့တယ်။

၂၆။ စားသည်မယွင်း ကျောင်းတလင်း ခတ်ခြင်းတံမြက်လှည်းလားကွယ်။
မလှည်းမိပါကျွန်တော်မှာ စားပြီးကျောင်းက ပြန်ခဲ့တယ်။
ကျွန်တော်တို့ရွာ လူတွေဟာ သည်လိုချည်းသာစားကြတယ်။

၂၇။ အမောင်ယောကျ်ား မင်းဖြစ်ငြား သနားပါဘိတယ်။
ဥပုသ်စောင့်ခန်း ရှေ့သို့လှမ်း မေးစမ်းပါဦးမယ်။
ဥပုသ်အင်္ဂါ အနိုယာ ဖြူစွာသီလစောင့်လားကွယ်။

ဘုန်းကြီးများထံ သီလခံ ကြွက်ဆူညံအောင် ပြော
ခဲ့တယ်။

၂၈။ ပြောသောစကား မင်းဖြစ်ငြားတဆုံးကြောင်းလား
ကွယ်။
လယ်ယာကျွဲနွား ပြောင်းစပါး သားမယား
ကြောင်းပြောခဲ့ဘယ်။
စပ်မိစပ်ရာ ပြောလိုက်တာ နွားချင်းလဲရာ ရောက်
သေးတယ်။
သည်လိုနှင့်ပင် နေသာခင် အိမ်လျှင်ပြန်ခဲ့တယ်။
ဥပုသ်စောင့်ရာ ပြောကြတာ မိုးမရွာကြောင်းသာ
များလေဘယ်။

၂၉။ သီလပြောက်ကျား စောင့်လေငြား မိုးကားကွက်
ကျား ရွာတတ်တယ်။
မင်းတို့လူ့ဘောင် သီလကြောင် မိုးရှောင်ကွင်းတတ်
တယ်။
မင်းတို့ဖြစ်ပုံ အလုံးစုံ အကုန်တွေးပကွယ်။
မင်းတို့စောင့်တာ ဥပုသ်မှာ ထမင်းဆာတာ သနား
တယ်။
ဘာဝနာလမ်း ကမ္မဋ္ဌာန်း စီးဖြန်းပါလားကွယ်။
ဘာဝနာလမ်း ကမ္မဋ္ဌာန်း စီးဖြန်းနည်းခဲ့တယ်။

၃၀။ တရားစကားအခေါင့်အား ဆွေးနွေးပါလားကွယ်။
တတ်တယ်ဆိုလျှင် ကျွန်တော်ပင် အလွန်မေးချင်
တယ်။

၃၁။ မေးသောအခါ မင်းစိတ်မှာ ဘာ၀နာလားကွယ်။
မဖြေနိုင်က အရှက်ရ နာမည်လှလှ ပျက်အောင်မေး
ခဲ့တယ်။
တခါတခါ ကျုပ်တို့ရွာ စာစကားသာ ပြောကြ
တယ်။
သင်္ဂြိုဟ်ဘေးပေါက် ကောက်သင်းကောက် ရောက်
မိရောက်ရာ ငြင်းခဲ့တယ်။
၃၂။ ငြင်းသောအခါ မင်းစိတ်မှာ ဘယ်လိုပါလဲကွယ်။
ကျွန်တော်ကပင် ဂုဏ်လိုချင် တတ်သည်ထင်အောင်
ငြင်းခဲ့တယ်။
ကျွန်တော်တို့ရွာ လူတွေဟာ စာငြင်းတာနှင့် ရန်
ဖြစ်တယ်။
၃၃။ အမောင်ယောကျ်ား လျှောက်တင်ထား အမှားတွေ
သာများခဲ့တယ်။
အားကိုးစရာ ကုသိုလ်မှာ ဘယ်ဟာကိုမျှ မရှိတယ်။
တခုကိုမျှ မေးမရ ဝမ်းနည်းလှချေတယ်။
အမောင်ဖြစ်ပုံ အလုံးစုံ အကုန်သနားတယ်။
ယမရာဇာ မေးသောခါ ခမျာမှိုင်၍ နေရှာတယ်။
သည်သောအခါ ငရဲရွာ ဆွဲခါချတော့တယ်။
ယမမင်းထံ အစစ်ခံ သံပေါက်ပြီး၏။

ယမမင်းထံ အစစ်ခံ သံပေါက်အဖွင့်ကျမ်း
ဆက်လက်ကြည့်ရာ၏။

—၀—

# ယမမင်းထံ အစစ်ခံသံပေါက်အဖွင့်ကျမ်း

နမော တဿ ဘဂဝတော အရဟတော သမ္မာသမ္ဗုဒ္ဓဿ။

ပဏာမ ပဋိညာဉ်

ရတနာသုံးတန်၊ ဥက္ကဋ္ဌ၊ အဟံဝန္ဒာမိ။
ယမမင်းထံ၊ အစစ်ခံ၊ သံပေါက်ကျမ်းပါရှိ။
အဖွင့်ကျမ်းစာ၊ မှတ်ဖွယ်ရာ၊ မြန်မာ့စွာလိခါမိ။

(အတုမဲ့ထူးမြတ်လှသော ဘုရား၊တရား၊သံဃာ ရတနာသုံးပါးကို ရှိခိုးပါ၏။ ရှိခိုးပြီး၍ ရှေးယခင်ကရှိခဲ့သော ''ယမမင်းထံ အစစ်ခံ သံပေါက်ကျမ်း''၏ အဖွင့်ကျမ်းသိမှတ်ဖွယ်ကို အကျယ်မသွင်းအကျဉ်းအားဖြင့် မြန်မာ့စွာရေးသားစီရင်မည်-ဟူလို။)

ပဏာမ ပဋိညာဉ်ပြီး၏။

## ငရဲကျသူတွေ

လောကဠ် သူ့အသက်သတ်ခြင်း၊ သူတပါးဥစ္စာခိုးယူခြင်း၊ သူများဇနီးမယားတို့ကို မှားယွင်းစွာကျူးခြင်း ဟူသော ကာယဒုစရိုက် ၃-ပါး။ မုသားစကားပြောဆိုခြင်း၊ သင်းခွဲစကားပြောကြားခြင်း၊ ကြမ်းတမ်းသောစကားကို ပြောဆိုခြင်း၊ အနှစ်သာရမရှိသောစကားကို ပြောဆိုခြင်း-ဟူသော ဝစီဒုစရိုက် ၄-ပါး၊ သူတပါးစည်းစိမ်ကို မိမိရရှိရန် ကြံစည်မှုအဘိဇ္ဈာ၊ တဘက်သားကို သေကြောင်းကြံစည်မှု ဗျာပါဒ၊ ချွတ်ယွင်းဖောက်ပြန် မမှန်ကန်သော မိစ္ဆာအယူရှိခြင်း ဟူသော မနောဒုစရိုက် ၃-ပါး။ ပေါင်းဆယ်ပါးသော ဒုစရိုက်နှင့် ပြည့်စုံသူတွေ။ သောတာပန်၊ သကဒါဂါမိ၊ အနာဂါမိ၊ ရဟန္တာ-ဟူသော အရိယာပုဂ္ဂိုလ်များကို မဟုတ်မတရား စွပ်စွဲကဲ့ရဲ့တတ်သူတွေ စုတိပြတ်ကြွေ သေလွန်လျှင် ငရဲသို့ ကျရောက်တတ်ကြကုန်၏။

(ဆောင်)။ ။လွန်ဆိုးခွာလှ အကုသလမှု ပြုပြုသူတွေ
ငရဲပြ ဆောက်သေအနန္တ။ ။

## ငရဲဘုံများ

ချမ်းသာသုခ မရှိရာဘုံများကို ငရဲဟု ခေါ်သည်။
ယင်းငရဲဘုံတို့ကား—

၁။ သိဉ္ဇီးငရဲ၊
၂။ ကာဠသုတ်ငရဲ၊
၃။ သံဃာတငရဲ၊

၄။ ရောရုဝရဲ၊
၅။ မဟာရောရုဝရဲ၊
၆။ တာပနငရဲ၊
၇။ မဟာတာပနငရဲ၊
၈။ အဝီစိငရဲ-ဟူ၍ ၈-ထပ်ရှိသည်၊

ယင်းကို ငရဲကြီးရှစ်ထပ်ဟုခေါ်သည်၊

(ဆောင်)။ ။သဉ္ဇိုးကာဠ သံဃာတာ ရောရုမဟာ
တာပနတည့် မဟာတာပန် တဘန်အဝီစိ
ရှစ်ပါးရှိ သိလေငရဲပြည်။

## သိဥ္ဇိုးငရဲ

သိဥ္ဇိုးငရဲသည် ပါဠိအခေါ် သံဇီဝနိရယဖြစ်၏၊ သံ=ထပ်ကာထပ်ကာ။ ဇီဝ=အသက်ရှင်ရသောငရဲဟု ဆိုလို၏၊ အဆောင်တလက်သက် ပြောင်တွက်နေသော လက်နက်မျိုးစုံတို့ဖြင့် ငရဲသိန်းတို့က သတ်ဖြတ်ညှဉ်းဆဲကုန်သော်သည်း အကုသိုလ်ကံမကုန်မချင်း အသက်ရှင်ပြီး ခံရသောငရဲဟူ၏။

(ဆောင်)။ ။ထပ်ခါ ထပ်ခါ သက်ရှင်ကာဖြင့် မှန်စွာ
ကျက်ရ နိရယ နာမသဥ္ဇိုးတွင်သတည်း။

## ကာဠသုတ် ငရဲ

ကာဠသုတ်ငရဲသည် ပါဠိအခေါ် ကာဠသုတ္တနိရယဖြစ်သည်၊ ကာဠသုတ္တ=သစ်ရွေသမားများ၏ တမျဉ်းကြိုးဖြင့်။ နိရယ=

ချုံပြတ်ရွှေပြုတ်စဉ်းရာဖြစ်သော ရေဟာသည်[၁]။ ဖော်ပြပါ **ကာဠသုတ်** ရေ၌ ပြောင်တလက်သက် လက်နက်ကိုင်စွဲ ရေသိမ်းတို့က ရေ **သား**တို့ကို ခွေးလိုက်သလို လိုက်ပြီး ပက်သက်သုန်လိုက် မှော**က်** လိုက် လုပ်ပြီး **တ**မျဉ်းကြိုးဖြင့် ရွေးဖျဉ် ချုံဖြတ် သတ်ညှဉ်း ကြကုန်၏။ ထို့ကြောင့် ကာဠသုတ် ရေဟု ခေါ်သည်။

(ဆောင်)။ ။သစ်ရွှေသမား လက်ကိုင်ထားသည့်
သစ်များ တိုင်းရိုး ကမျဉ်းကြိုးဖြင့်
မျိုးမျိုး ထန်ပြင်း ညှဉ်းဆဲ သတ်ရာ
ရေရွာ မှတ်ပါ ကာဠသုတ်မည်သတည်း။ ။

## သံဃာတ ရေ

သံဃာတ ရေသည် ပါဠိလို သံဃာတနိရယ ဖြစ်သည်။ **သံဃာတ**=လွန်လွန်မင်းမင်း ကြိတ်ချေသတ်ဖြတ် ညှဉ်းဆဲ **သော**။ နိရယ=ရေမည်၏။ လွန်လွန်မင်းမင်း ညှဉ်းဆဲ နှိပ်စ**က်** ကြိတ်ချေ သတ်ဖြတ်ရာ ရေ။ ဖော်ပြပါ သံဃာတရေ၌ မီးလျှံ ထွက်နေသော ကိုးယူဇနာရှိ သံခဲအတိ ပြီးသော မြေကြီးမှာ ခါးလောက် နက်စောက်သော တွင်းများထဲဘွင် ရေ**သား**များ ကို ရေထိန်းတော့က အဘင်းအခမ့်သွင်းပြီး သံတောင်**ကြီး** တို့ဖြင့် ဖိနှိပ် ကြိတ်ချေ သတ်ဖြတ် ကြကုန်၏။ ယင်းသို့

---

၁။ ကာဠသုတ္တတဿနိရယ–ဟု ဆိုလိုလျက် တဿပုဒ်ချေ၍ ကာဠ သုတ္တ နိရယ-ဟု ဆိုသည်။

**သတ်ဖြတ်သဖြင့်** သေပြီးလျှင် တဖန် အသက်ရှင်ကာ ဖိကြိတ် **သတ်ဖြတ်ခြင်း** ခံရပြန်၏။ ယင်းသို့ ခံရသည်မှာ မိမိပြုဖန် **အကုသိုလ်ကံ** မကုန်မချင်းဖြစ်သည်။

(**ဆောင်**)။ ။ကိုးယူဇနာ အလျှံဖြာသည့် **သံမြေဘိပြီး**
မြေပြင်ကြီးဝယ် ခါးနှယ်နက်လျှင်း
တွင်းဝယ်ပိလှောင် သံတောင်ကြိတ်ညှက်
သတ်ဖြတ်အပ် မှတ်သေသံဃာတငရဲတည်း။

ရောရုဝငရဲ (ဓူလရောရုဝငရဲ)

ပါဠိအခေါ် ရောရုဝနိရယ ဖြစ်သည်၊ ကယ်ပါယူပါ တစာ **စာနှင့်** ကြမ်းမှာထန်သည်း အသံကြီးစွာ အော်ဟစ်ရာ ငရဲဟူ၏။ ဓူလရောရုဝငရဲဟုလည်း ခေါ်သည်။ ဤရောရုဝငရဲ၌ တဟုန်း ဟုန်း တောက်လောင်နေသော မီးလျှံကြီးတို့သည် ငရဲသား၏ ဒွါရ ကိုးပေါက်တို့မှ ဝင်၍ တောက်လောင်သောရာ ငရဲသား တို့မှာ မခံနိုင်အောင် နာကြင်လှသဖြင့် ကယ်ကြပါဦးစသည် ဖြင့် တကျော်ကျော် အော်မြည် တမ်းတကြကုန်၏။ သို့ဖြစ်၍ ယင်းငရဲကို ရောရုဝငရဲဟု ခေါ်သည်။

(**ဆောင်**)။ ။ဒွါရကိုးကွယ် အပေါက်ငယ်မှ
ဘယ်ဝယ်မကြွင်း ချင်းနင်းတောက်လောင်
ကတောင်ချောက်ချား အော်ဟစ်ကြားရာ
ငရဲရွာ မှတ်ပါရောရုဝမည်သတည်း။ ။

၁၅၄၅၇

## မဟာရောရုဝဋ္ဋရဲ (ဓုမရောရုဝဋ္ဋရဲ)

ပါဠိလို မဟာရောရုဝ နိရယ=လွန်စွာကျယ်လောင်သော အသံ ဟစ်အော်ငိုကြွေးရာ ငရဲဟူ၏။ ယင်းမဟာရောရုဝငရဲ၌ ငရဲတခုလုံး လွှမ်းမိုးအုပ်ဖုံးသည့် မီးခိုးတို့သည် ငရဲသားများ၏ ဒွါရ ကိုးပေါက်တို့မှ အတွင်းအမြေ ဝင်ရောက်ပြီး အတွင်း အကြပ် နှူးနှပ်အပ်ရကား ငရဲသားများ မခံနိုင်အောင် ဒုက္ခ ဝေဒနာခံစားကြရသဖြင့် ကယ်ကြပါဦး လုပ်ကြပါဦးစသည် ဖြင့် ကြီးကျယ် ဟစ်အော် ငိုယိုမြည်တမ်းဆဖြစ်ရကား မဟာ ရောရုဝ ငရဲဟု ခေါ်သည်။ ဓုမရောရုဝငရဲဟုလည်း ခေါ်ကြ သည်။

(ဆောင်)။ ။ဒွါရကိုးပေါက် မီးခိုးရောက်ဝင်
လွန်လျှင်ထန်သည်း ကြီးစွာဒုက္ခ
ခံစားရသဖြင့် ငိုဘမြည်ရာ
ငရဲမှာ မဟာရောရုဝမည်သတည်း။ ။

## တာပန ငရဲ

တာပနငရဲသည် ပါဠိအခေါ် တာပနနိရယ–ဖြစ်သည်။ ပူလောင်စေတတ်သော ငရဲဟူ၏။ ယင်း တာပနငရဲ၌ ငရဲသား သတ္တဝါတို့ကို ရဲရဲညီးလောင် ပြောင်တလက်လက်အရောင်ထွက် ၍ နေသော ထန်းလုံးခန့်ရှိသော သံတံကျင်ပေါ်၌ ထိုင်နေစေ ပြီး ခါကိုယ်လုံး ရဲနေအောင် ပူလောင်စေကုန်၏။ သို့ဖြစ်၍ ယင်းငရဲကို တာပန ငရဲဟု ခေါ်သည်။

(ဆောင်)။ ။ထန်းလုံးခန့်တွင် သံတကျင်၌
လွန်လျှင်ကဲဒေ ပူသောင်စေ
ခေါ်လေ တာပနရဲ့ဘည်း။ ။

**မဟာတာပနငရဲ (ပတာပနငရဲ)**

မဟာတာပနငရဲသည် ပါဠိအခေါ် မဟာတာပနနိရယ ဖြစ်၏။ အလွန်အကဲ ပူလောင်စေတတ်သော ငရဲဟူ၏။ ပတာပန ငရဲဟုလည်း ခေါ်သည်။ ယင်း ငရဲ၌ ငရဲထိန်းတို့သည် ငရဲသား သတ္တဝါတို့ကို အလျှံအပြောင်ပြောင် မီးတောက်လောင်နေသော သံတောင်ထက်သို့ အတင်းအဓမ္မရိုက်နှက် အတက်ခိုင်းပြီးလျှင် ရောက်လေလျှင် လေမုန်တိုင်းကြီး တိုက်ခတ်သောပြီး မီးတောင်ပေါ်မှ လိမ့်ကျ၍ အောက်၌ အသင့်ရှိနေသော မြေပြင်ထက်ချွန် သံတံကျင်များပေါ်သို့ ကျပြီး မီးတောက်လောင် အပူခံကျက်စေရာ ဖြစ်သဖြင့် မဟာတာပနငရဲ မည်သည်။

(ဆောင်)။ ။ရဲရဲထိန်ပြောင် သံတောင်ထက်မှ
အောက်သို့ကျလျက် တံကျင်ထက်ငယ်
ကျက်ရခံရ နိရယ မှတ်ကြ မဟာတာပန
မည်သတည်း။ ။

**အဝီစိငရဲ (မဟာအဝီစိငရဲ)**

ပါဠိအခေါ် အဝီစိနိရယဖြစ်၏။ အလယ်ညီးညီး မီးနှင့် ငရဲသား ဆင်းရဲဒုက္ခအကြားမရှိ တရစပ် ဖြစ်နေသောကြောင့် အဝီစိငရဲဟု ခေါ်သည်။ မဟာအဝီစိငရဲဟုလည်း ခေါ်သည်။

ယင်းအင်စိစ်ရေကြီး၌ ဝဲယာ ရှေ့နောက် အထက် အောက် ထွင်းဖောက် ထွက်သွားသည့် မီးလျှံများနှင့် ကျည်တောက် အတွင်း နှမ်းစေ့ မုန်ညင်းစေ့တို့ပမာ ပြည့်ကျပ်နေသော ငရဲသား သတ္တဝါတို့၏လည်းကောင်း၊ ကိုယ်ခန္ဓာစိတ်ပါ မသက်သာ အောင် ဆက်ကာ နှိမ်နင်း ဆင်းရဲခြင်း၏လည်းကောင်း၊ တမိနစ် တစ္စနာမျှ အကြားအလပ် မရှိချေ။ ထို့ကြောင့် အင်စိစ်ရေဟု ခေါ်သည်။

(ဆောင်)။ ။မီးတောက်လျှံများ ငရဲသားနှင့်
ထွေပြားဒုက္ခ ကြားဟူက မုချမရှိချေ။
ထို့ကြောင့်မည်ရှိ အင်စိစိ နိရယဟူပေ။ ။

အကျဉ်း အခေဝး

ယင်းငရဲကြီး ရှစ်ထပ်တို့ကား တထပ်နှင့်တထပ် ယူဇနာ ပေါင်း ၁-သောင်း ၅-ထောင် ကွာဝေးသည်ဟူ၏။

(ဆောင်)။ ။သောင်းငါးထောင်စီ သချ်ာညီ
ရှစ်လီ ငရဲရွာ။ ။

ငရဲကြီးများ တည်နေဟန်

ဖော်ပြပါ ငရဲကြီးများ တည်နေဟန်ကား လေးထောင့် ပုံသဏ္ဌာန်ဖြစ်သည်။ အလျား ယူဇနာ ၁၀၀၊ အနံယူဇနာ ၁၀၀-ရှိ၏။ တံခါး လေးပေါက်ရှိသည်။ သံမြေထုပေါ်၌ သံနံရံ, သံအမိုးအကာများဖြင့် မိုးကာထားသည်။ နံရံထု တခု

တခုသည် ကိုးယူဇနာရှိ၏။ အရှေ့ဘက်မှလာသော မီးတောက် မီးလျှံသည် အနောက်နံရံထုကို ဖောက်ထွက်၍ ယူဇနာ ၁၀၀-တိုင်တိုင် ပြေးသွားသည်။ အရပ်မျက်နှာ အားလုံး နည်းတူ ဖြစ်၏။ မီးတောက် မီးလျှံသည် အလျားအနံအားဖြင့် ၃၁၈-ယူဇနာစီရှိ၍ အဝန်းအဝိုင်းအားဖြင့် ၉၅၄-ယူဇနာရှိသည်။

အရှေ့နံရံပြင်ဘက် ယူဇနာ ၁၀၀၊ အရှေ့နံရံထု ၉-ယူဇနာ၊ အလယ်ယူဇနာ ၁၀၀၊ အနောက်နံရံထု ၉-ယူဇနာ၊ အနောက်နံရံပြင်ဘက် ယူဇနာ ၁၀၀၊ ပေါင်း ၃၁၈-ယူဇနာ ဖြစ်သည်။ ၃-ဆတက်လျှင် အဝန်းအဝိုင်း ၉၅၄-ယူဇနာ ဖြစ်သည်။ ဥဿဒ ငရဲငယ်များနှင့်တကွ အားလုံး ယူဆော် ယူဇနာ ၁၀၀၀၀ (တသောင်း)ရှိသည်[၁]။

ဥဿဒငရဲငယ် လေးလုံး

ဖော်ပြခဲ့ပြီး ငရဲကြီး ရှစ်ဘပ်တွင် ငရဲကြီး တခုတခု၏ တမျက်နှာစီ၌-

၁။ ဘင်ပုပ်ငရဲ (ဂူထ နိရယ)
၂။ ပြာပူငရဲ (ကုက္ကုဠ နိရယ)
၃။ လက်ပံတော ငရဲ (သိမ္ဗလိဝန နိရယ)
၄။ သံလျက်ရွက်တော ငရဲ(အသိပတ္တဝန)

အားဖြင့် ဥဿဒ ငရဲငယ် ၄-လုံးစီ ရှိသည်။

---

၁။ မ၊ ၃၊ ၂၀၅၊ ၂၂၂။ အံ၊ ၁၊ ၁၄၀။ ပေတ၊ ၁၄၄။ ဇာ၊ ၂၊ ၆၀။ မ၊ ဋ္ဌ၊ ၄၊ ၁၆၆၊ ပေတ၊ ဋ္ဌ၊ ၄၈၊ ၂၃၂။ မဟာနိ၊ ဋ္ဌ၊ ၃၇၅။ ဇာ၊ ဋ္ဌ၊ ၅၊ ၂၀၃။

(ဆောင်)။ ။ဘင်, ပြာ, လက်, သံ, ပြင်ဝန်.ရံ လေးတန် ဥဿဒ[၁]။ ။

သို့ဖြစ်၍ ငရဲကြီးတထင်လျှင် အရပ်လေးမျက်နှာတွင် ဥဿဒ ငရဲငယ် ၁၆-လုံး ရှိသည်။ ငရဲကြီး ၈-ထင်လုံး၌မူ ဥဿဒငရဲ ငယ်ပေါင်း ၁၂၈-လုံး ရှိသည်[၁]။ ငရဲကြီး ရှစ်တပ်မှ ကျက်ခံ ပြီးလျှင် ဆက်ထက်၍ အကုသိုလ်ကံ မကုန်သေးက ဖော်ပြပါ ဘင်ပုပ်ငရဲ စသည်၌ ကျက်ခံကြရသေးသည်။

ငရဲသက်နှင့် ငရဲကျက်ခံရပုံ ဖော်ပြသည့် အောက်ပါ ရှေး ဆရာများ စီရင်တော်မူခဲ့သည့် လင်္ကာကြီးကိုလည်း ဖတ်ရှုသံဝေဂ ယူရာ၏။

## ငရဲသက်နှင့်ငရဲကျက် ခံရပုံ လင်္ကာ

စည်းစိမ်မရှည် ဘေးတည်၍ လူ့ပြည်နေခိုက် စိတ်လိုလိုက် လျက် ပျော်ပိုက်သမူ လောဘစုနှင့် ဒုစရိုက်မှဲ့ မကြည်ပဲ၍ ငရဲ ကျမူ ကျိုက်ကျိုက်ဆူသား သံပူရည်ဖျန်း ခေါင်ကသွန်းလျက် နှင်မှန်.ဖန်ဖန် အံတန်တန်နှင့် သေပြန်ရှင်ပြန် ဖြစ်ဟန်မတည် ဆင့်ရဲရှည်၍ သံရည်ပူထက် လောင်ခြစ်ကျက်သား နရက်ငယ်စွ သဥ္ဇိဝ၌ လူက လနှစ်ကိုးသန်းဖြင်မှ တရက်ရ၏၊ လနှစ်ဖွဲ့ကာ နှစ်ငါးရာကို သင်္ချာခွဲဝေ လူနှင့်ရေသော် ကုဋေစုဆောင်း သိန်းခြောက်သောင်းနှင့် ထောင်ပေါင်းနှစ်ဝ ဆင်းရဲရ၏၊ ထိုမှ အောက်တွင် သံမြေပြင်ထက် မြေင်ရက်အောင် လက်နက်ဓား

၁။ မ၊ ၄၊ ၂၂၃ (ဒေဝဒူတသုတ်)။

လို့ ဝန်းရစ်ရံ၍ မီးလျှံမောက်မောက် ပြောင်ပြောင်တောက်နှင့် နောက်ကပြေးခိုက် ခွေးရူးလိုက်သို့ ရိုက်ခတ်ထိုးကာ ဟစ်ကြွေး ကြောလျက် ဆယ်ပါယူပါ တောင်းပန်ရှာလည်း မေတ္တာမဲ့ကြောင်း မသနား၍ သံပြားထက်လှည်း တုံးလုံးလည်းကာ တစည်းသမား တံမျဉ်းသားလျက် အလွှားလေးဆောင့် ရစ်မြောင့်ဆယ့်ခြောက် ရောက်အောင်လွှာခုတ် ကာလသုတ်မှ သဃာတနှင့် ရောရုဝမှာ မဟာရောရုဝ တာပနတိုင် ဆေးဆလေးဆ ကာလရှည်စွာ ဆင်းရဲကြာ၏၊ မဟာတာပန နှစ်ကိုဆလည်း မရနိုင်ဘိ အဝီစိမူ တိုင်ထိရှည်လျက် သည်နှစ်သက်ကား ကပ်ဝက်ကပ်ဆုံး ခံ၍ ပြုန်းလည်း နပုန်းမိန်းမ မလှရုပ်ဝါ လူ့ပြည်မှာ၌ ဖျားနာညှဉ်း ဆဲ လွန်ဆင်းရဲလျက် မွဲမွဲတေတေ လက်ခြေချိုတဲ့ မျက်နှာမဲ့၍ ကရှဲ့ကစောင်း ဖြစ်ပြန်ရှောင်း၍ မကောင်းယုတ်မာ ဆင်းရဲ ကြာလိမ့်....ခံရပြစ်ကြောင့်သာတကား။ ။

## ယမမင်း

စတုမဟာရာဇ်နတ်တို့တွင် ပါဝင်သော ဝေမာနိကပိတ္တာမင်း ကို ယမမင်းဟုခေါ်သည်။ ရံဖန်ရံခါ နတ်စည်းစိမ်ကို ခံစားရ ၍ ရံဖန်ရံခါ မကောင်းမှုကံ အကျိုးကို ခံစားရရှာလေသည်။ ထို ယမမင်းကား တယောက်မျှမကချေ။ အများအပြားရှိသည်။ လူ့ပြည်၌ အစိုးရမင်းများ တရားသူကြီးများ ရုံးထိုင်သလို ယမမင်းများလည်း ငရဲဘုံ၏ တံခါးလေးဘက်၌ ရုံးစိုက်ကြပြီး ငရဲသို့ ရောက်လာသူများကို စစ်ဆေးမေးမြန်းကြသည်။

သို့ရာတွင် ငရဲသို့လာသူတိုင်းကို မေးမြန်းကြသည် မဟုတ်။ အမိသတ်သူ၊ အဖသတ်သူ၊ ရဟန်းသံဃာများသတ်သူ၊ သံဃာသင်းခွဲသူ၊ သွေးစိမ်းထွက်အောင်ဘုရားကို ထိခိုက်သူ၊ ဘုရားကျောင်းကန်ဖျက်ဆီးသူ စသည့် အပြစ်ကြီးများ ကျူးလွန်သူတို့ကား တခါတည်း ငရဲကျကြကုန်၏။ အကုသိုလ်နည်းပါးသူများအတွက် လွတ်လိုလွတ်ငြား အနေအားဖြင့် ယမမင်းထံ အစစ်ခံကြရသည်။ သို့ဖြစ်၍ ယမမင်း၏ စစ်ဆေးမှုမှာ အပြစ်ရှာ၍မဟုတ်ပဲ လွတ်သင့်ကလွတ်ခွင့်ရစေလိုသောကြောင့် ဖြစ်သည်။ သို့ဖြစ်၍ ယမမင်းကို တရားစောင့်သော မင်းကောင်းမင်းမြတ်ဟု မှတ်ရာ၏။

(ဆောင်)။ ။အပြစ်နည်းပါး ပုဂ္ဂိုလ်များကို
သနားကရုဏာ သက်လှစွာဖြင့်
ယမရာဇာ စစ်ဆေးပါ
သူငါသိရန် ဆောင်ပုဒ်တည်း။ ။

## ငရဲထိန်းများ

ငရဲကြီး ငရဲငယ်အားလုံး၌ ငရဲထိန်းတွေရှိကြကုန်၏။ ယင်းငရဲထိန်းတို့ကား စတုမဟာရာဇ်နတ်မျိုးအပါအဝင် နတ်ဘီလူးရက္ခိုသ်တို့ ဖြစ်ကြကုန်၏။ ထိုငရဲထိန်းတို့၏ အလုပ်ကား အကုသိုလ်အနည်းငယ်ဖြင့် ကျရောက်လာသူတို့ကို ယမမင်းထံပို့ခြင်း၊ ငရဲသို့ရောက်ပြီးသူများကို လက်မရှိ အားထားသားပါကွက်သားတို့ကဲ့သို့ ရက်စက်ကြမ်းကြုတ်စွာ သတ်ပုတ်ရိုက်နှက်ခြင်းပင်ဖြစ်၏။ ငရဲမီး စသည်တို့ကား ကံကြောင့်ဖြစ်သော

ကာမ္မပ္ပစ္စယဥတုဇရုပ်များဖြစ်ရာ ငရဲခံမည့်သူများမှာသာ ပူလောင်၍ ငရဲထိန်းတို့ဦ မပူလောင်ချေ။

(ဆောင်)။ ။ငရဲတိုင်းမှာ မျှားစွာလွန်ကဲ ငရဲထိန်းတွေ ရှိရှိနေ သတ်လေရိုက်ပုတ်ညက်ကျေတည်း။

၁။ အိုကွဲ့ယောကျ်ား လူ့ပြည်သားဘယ်တရားများကျင့်ခဲ့တယ်။
ကျွန်တော်းမျိုမှာ လျှောက်းရာ ဘယ်ဟာကိုမျှမရှိတယ်။

ငရဲထိန်းထံ မှောက်သို့ အကုသိုလ်အလွန်မများသော ငရဲသားတယောက် ရောက်သလေရာ ငရဲထိန်းများသည် ဝတ္တရားအတိုင်း ယမမင်းထံသို့ ပို့ကြလေ၏။

ယမမင်းသည် ကြင်နာသနားသောအသွင်ဖြင့် ကြည့်ရှုပြီးလျှင် "အိုလူသား သင်သည် လူ့ပြည်တုန်းက ဘယ်တရားတွေကျင့်ခဲ့တုံး၊ လူ့ပြည်မှာ ကုသိုလ်ပြုရန် အခွင့်အလမ်းတွေ သာတယ်မဟုတ်လား၊ သည်တော့ တရားတခုခုကျင့်ခဲ့မှာပေါ့။ ဘာတရားတွေကျင့်ခဲ့တုံး" ဟု မေးလေသည်။ သို့ဖြစ်၍ "အိုကွဲ့ယောကျ်ား လူ့ပြည်သား ဘယ်တရားများကျင့်ခဲ့တယ်" ဟု ဆိုလေသည်။

ငရဲသားသည် ဟုတ်မှန်သည့်အတိုင်း "အိုဆရာကြီး....(အို ယမမင်း) ကျွန်တော်မျိုး ဘာမှမပြောတတ်တော့ဘူး ကျွန်တော်မျိုး အမှတ်တမဲ့နေမိခဲ့ပါတယ်၊ ဘာတရားမှ မကျင့်ခဲ့မိပါဘူး"

ဟု ဖြေဆိုလေသည်။ သို့ဖြစ်၍ "ကျွန်တော်မျိုးမှာ လျှောက်စရာ ဘယ်ဟာကိုမျှမရှိတယ်"ဟု ငရဲသားက ဖြေဆိုလေသည်။

၂။ ကုသိုလ်ကောင်းမှု တခုခု မပြုခဲ့လားကွယ်။
ယမရာဇာ မေးသောခါ ခမျာမှိုင်၍နေရှာတယ်။

ထိုအခါ ယမမင်းသည် ငရဲသားအား လွန်စွာ သနားကြင်နာသည်။ မိမိသိပြီးဖြစ်သည့် ငရဲဒုက္ခခံနေမည့်အရေး တွေးမိတိုင်းရင်ပူလာသဖြင့် 'အိုအမျိုးသားယောကျ်ား-စဉ်းစားစမ်းပါဦး၊ လူ့ပြည်မှာ ကုသိုလ်ပြုရန် "အခွင့်လမ်းသာတယ်။ ဒါနပြုချင်လျှင်လဲ အလှူခံပုဂ္ဂိုလ်ကောင်းတွေ အဆင့်သင့်ရှိတယ်။ သီလဆောက်တည်ချင်လျှင်လဲ လွယ်ကူတယ်၊ သီလဆောက်တည်အောင် ညွှန်ကြားမယ့် သီလဆောက်တည်စေမယ့် သံဃာတော်တွေရှိတယ်။ဘာဝနာပွားများချင်လျှင် ကမ္မဋ္ဌာန်းဘာဝနာ ပွားများနည်း ပြောနေတဲ့ စာပေတွေရှိတယ်၊ ပိဋကတ်တွေရှိတယ်၊ သည်တော့ သို့လောက်ကုသိုလ်ပြုရန် အခွင့်သာတဲ့ လူ့ပြည်မှာ ကုသိုလ်ကောင်းမှု တခုခုပြုခဲ့မှာပေါ့ စဉ်းစားပါဦး"ဟု ဆိုလေသည်။ သို့ဖြစ်၍ "ကုသိုလ်ကောင်းမှု တခုခု မပြုခဲ့လားကွယ်"ဟု သံပေါက်ဆရာ မိန့်ဆိုလေသည်။

ထိုအခါ ငရဲသားသည်စဉ်းစားသည်၊ "လူဖြစ်သည်ကစ ငါတို စိတ်ကျခါနီး တိုင်အောင် ကာလအတောအတွင်း ငါဘာတွေ လုပ်ခဲ့သလဲ"ဟု စဉ်းစားလေရာ ကုသိုလ်ကောင်းမှု တခုခုလုပ်ခဲ့သည်ကို မတွေ့မမြင်သဖြင့် မျက်ရည်ပေါက်တွေကျကာ မှိုင်တွေ လျက် နေလေတော့သည်။ ထို့ကြောင့်-"ယမရာဇာ မေးသောအခါ ခမျာမှိုင်၍နေရှာတယ်"ဟု သံပေါက်ဆရာ ဆိုလေ၏။

၃။ အမောင်ယောကျ်ား သတိထား စဉ်စားပါဦးကွယ်။
ဗုဒ္ဓမြတ်စွာ သာသနာ မထွန်းပါလားကွယ်။
ကျွန်တော်တို့ရွာ သာသနာ ထွန်းလှပါတော့တယ်။

ယမမင်းကြီးသည် အလွန်သနားနေသည်။ ခမည်းခမ ကရုဏာတွေ စိရရိဖြစ်လာပြီး "အိုအမောင်ယောကျ်ား....သတိမလွတ်စေနဲ့ စဉ်းစဉ်းစားစားဖြေပါ၊ စဉ်းစားလျှင် ပေါ်လာလိမ့်မယ်။ အိုအမျိုးသားယောကျ်ား....မောင်တို့ လူ့ရပ်ဌာနီ လူ့ပြည်လူ့ရွာမှာ ဘုရားမြတ်စွာ သာသနာမထွန်းဘူးလား" ဟု ယမမင်းက မေးမြန်းလေသည်။ ယင်းသို့ဖြစ်ကြောင်း "အမောင်ယောကျ်ား သတိထား စဉ်းစားပါဦးကွယ်။ ဗုဒ္ဓမြတ်စွာ သာသနာ မထွန်းပါလားကွယ်" ဟု သံပေါက်၌ ဆိုလေသည်။

ငရဲသားယောကျ်ားက "အိုယမမင်းကြီး... ကျွန်တော်တို့ လူ့ပြည်လူ့ဌာနီလူ့ရွာမှာ ဘုရားမြတ်စွာ သာသနာ လွန်စွာထွန်းကားပါတယ်။ မြို့တိုင်းရွာတိုင်းမှာလိုလိုပင်ကျောင်းတိုက်ကြီးတွေ ပရိယတ္တိစာသင်တိုက်ကြီးတွေ ရှိပါတယ်။ အဲဒီစာသင်တိုက်ကြီးတွေမှာဆိုလျှင် သံဃာတော် ရာနှင့်ချီပြီးသီ တင်းသုံး၍ ပရိယတ္တိ ပိဋကတ်စာပေတွေချပို့သင်ကြားသီတင်းသုံးတော်မူကြပါတယ်။ ပဋိပတ္တိဌာနတွေမှာဆိုလျှင်လဲ ကမ္မဋ္ဌာန်းနည်းပြဆရာတော်တွေက တရားပြလို့ ဒကာ ဒကာမတွေက လှယ်လှယ်ကူကူနဲ့ တရားအား ထုတ်နိုင်ကြပါတယ်။ ၎င်းပြင် မြို့တိုင်းရွာတိုင်းမှာလိုလို ရွှေရောင်တောက်နေသော ဘုရားပရမေ မွေ့သရီခါတ်ကိန်းဝပ်

တော်မူရာ စေတီပုထိုးတွေ၊ ထုံးသင်္ကန်းဖွေးဖွေးနှင့် စေတီပုထိုးတွေ အများအပြားရှိပါတယ်။ ဤသို့ဖြင့် ကျွန်တော်တို့၏ လူ့ပြည်လူ့ဌာနီမှာ ဘုရားမြတ်စွာ သာသနာတော်ဟာ နေ့အစဉ်းလဲအစဉ်း ရောင်ဝင်းသကဲ့သို့ ထွန်းကားလှပါတယ်။ ကျွန်တော်တို့နေတဲ့ ရွာမှာလဲ သာသနာ ထွန်းကားပါတယ်။ ရွာဦးကျောင်းက ကြေးစည်သံ ခေါင်းလောင်းသံ တညံ့ညံ့နှင့် နိဗ္ဗာန်တေးကြေးကြော်လျက်ရှိပါတယ်။ အိုယမမင်းကြီး .. ကျွန်တော် ပြောဆိုခဲ့သည့်အတိုင်း ကျွန်းတော်တို့ လူ့ပြည်လူ့ဌာနီ လူ့ရွာမှာ ဘုရားမြတ်စွာ သာသနာထွန်းကားလှပါတယ်'' ဟု ဖြေဆိုလေသည်။ ထို့ကြောင့်– ''ကျွန်တော်တို့ရွာ သာသနာ ထွန်းလှပါတော့တယ်''ဟု ငရဲသားက ဖြေဆိုလေသည်။

၄။ ပဋိရူပ ဒုလ္လဘ မရခဲ့လေသလား ကွယ်။
သာသနာဝင် ရဟန်းတက် စိတ်မျှမကွင်းတယ်။

ထိုအခါ ယမရာဇာသည် ဆက်လက်၍–

''အိုလူသား အမောင်ယောကျာ်း....လောကကြီးမှာ ရခဲတဲ့ အရာ ဒုလ္လဘတရား ၅-ပါးရှိတယ်။

၁။ ဗုဒ္ဓုပ္ပါဒ ဒုလ္လဘ=ဘုရားဇိနော် ပွင့်တော်မူရာအခါ ကြုံကြိုက်ဖို့ ခဲယဉ်းတယ်။

၂။ မနုဿတ္တဘာဝ ဒုလ္လဘ=လူအဖြစ်ရဖို့လဲခဲယဉ်တယ်။

၃။ သဒ္ဓါသမ္ပတ္တိဒုလ္လဘ=ရတနာသုံးတန်ကံကံ၏အကျိုး ယုံကြည်သူဖြစ်ဖို့ ခဲယဉ်းတယ်[၁]။

၄။ ပဗ္ဗဇိတဘာဝဒုလ္လဘ=ဘုရားမြတ်စွာ သာသနာတော်တွင်း ရှင် ရဟန်းအဖြစ်ရဖို့ ခဲယဉ်းတယ်၊

၅။ သဒ္ဓမ္မဿဝနဒုလ္လဘ=သူတော်ကောင်းတရားကြား နာရဖို့လဲ ခဲယဉ်းတယ်။

အဲဒီဒုလ္လဘတရား ၅-ပါးထဲက တပါးဖြစ်တဲ့ ပဗ္ဗဇိတဘာဝဒုလ္လဘ=ရခဲတဲ့ ရဟန်း အဖြစ်မရခဲ့ဘူးလားဟု "ပဗ္ဗဇိတဒုလ္လဘ မရခဲ့လားကွယ်"ဟု မေးလေသာ—

ရေသားယောကျ်ားသည် ပွင့်ပွင့်လင်းလင်း "အိုယမရာဇာ.... ကျွန်တော်မျိုး ရဟန်းဘာဝ ဒုလ္လဘရဖို့ နေနေသာသာ စိတ်မျှ မကွက်ပါကြောင်း စိတ်ပင်မကူးမိပါကြောင်း—

"သာသနာစက် ရဟန်းဘက် စိတ်မျှမကွက်တယ်"ဟု ဖြေဆိုလေသည်။

---

၁။ မောင်းထောင်သာသနာပိုင် အရှင်ဉာဏာဘိဝံသက သမ္ပတ္တိ ဒုလ္လဘဟုဆိုသည်။
သဒ္ဓါသမ္ပတ္တိလည်း သင့်ပါသည်။
တဒါ ဒြဝိဒိနော သေခရာ၊ ဗုဒ္ဓုပ္ပါဒေါ သုဒုလ္လဘော၊
သဒ္ဓါတိ ဒုလ္လဘာ လဒ္ဓါ၊ ဥထောကံ ဥသောသဒ္ဓ သာသနံ၊
အပ၊ ၂။ ၁၂၄။ ဒဗ္ဗမလ္လပုတ္တ ထေရာပဒါန်။

၅။ ရဟန်းအဖြစ်မှာ မင့်ဆရာ မဟောပါလားကွယ်။
ကျွန်တော့်ဆရာ ဟောပြရှာ နားမှာမဝင်ဘယ်။
ကျွန်တော့်စိတ်မှာ သည်တခါ ရွာသာရောက်တော့
တယ်။

“အိုအမောင်လူသား… ရဟန်းအဖြစ်ဆိုတာ သိပ်ရခဲတယ်။ ဗြဟ္မာနတ်လူ သုံးဘုံလူဘို့ ကြည်ဖြူနိဗ္ဗ ထာဝစဉ်ပူဇော်ညွှတ်ခဲ့တဲ့ ဂေါတမဘုရားရှင် ကိုယ်တော်မြတ်ကြီးဘောင်မှ လေးအသင်္ချေနှင့် ကမ္ဘာတသိန်းကာလအတွင်း ကောဏ္ဍညဘုရားလက်ထက်က တကြိမ်၊ မင်္ဂလဘုရားလက်ထက်က တကြိမ်၊ သုမေဓဘုရားလက်ထက်ကတကြိမ်၊ သုဇာတဘုရားလက်ထက်ကတကြိမ်၊ ဖုဿဘုရားလက်ထက်ကတကြိမ်၊ ဝေဿဘူဘုရားလက်ထက်က တကြိမ်၊ ကောက္ကုသန်ဘုရားလက်ထက်က တကြိမ်၊ ကောဏာဂုံဘုရားလက်ထက်ကတကြိမ်၊ ကဿပဘုရားလက်ထက်ကတကြိမ် အားဖြင့် ရဟန်းဘဝခုနစ်ကြိမ်သာ ရခဲ့ဘယ်[၁]။ ရဟန်းဖြစ်ဖို့ဟာ သို့ကလောက်ခဲယဉ်းတယ်။ သို့ကလိုခဲယဉ်းတဲ့ ရဟန်းအဖြစ်ရဖို့ ရှင် ရဟန်းပြုဖို့ရန် မင်းဆရာဘုန်းကြီးက မတိုက်တွန်းဘူးလား”

---

၁။ လေးသင်္ချေလွန်လေပြီ၊ သိန်းကပ်ရှိခေတ်တွင်။ ကောဏ္ဍညာ မင်္ဂလာနှင့် သုမေဓာ သုဇာတာ၊ ဖုဿဝေဿဘူက၊ ကကုသန် ကောဏာဂ၊ ကဿပအရှင်။ ။
ကိုးပါးတွင် သည့်ပင်သာပါတဲ့။ တို့လောင်းတော်မြတ်စွာ၏ သာသနာကိုးကြိမ်ထမ်းကို ကျမ်းကမှာခဲ့၊ ။
(ပဥ္စသတိကပ္ပဏ္ဍာဝိဿဇ္ဇနာ)

ဟု ယမမင်းကြီးက မေးကြောင်း—ရဟန်းအဖြစ်မှာ မင်းဆရာ မဟောပါလားကွယ်''ဟု သံပေါက်၍ ဆိုလေသည်။

သည်တော့ အာ ငရဲသားယောကျ်ားက—

''အို အရှင်ယမမင်း ကျွန်တော့်ဆရာက ရှင်သာမဏေ ဘ်ဖို့၊ ရဟန်းပြုဖို့ ခဏခဏ ဟောပါတယ်။ တိုက်တွန်းပါတယ်။ သာ ပေမယ့်လို့ ကျွန်တော့်မှာဆရာပြောဟောသမျှဟာတွေ တခုမျှ နားထဲမဝင်ပါဘူး၊ ထမင်းဆာမှာကြောက်တာနဲ့ အိမ်ထောင် ပြုချင်တာတွေနဲ့ ရောထွေးပြီး ရဟန်းပြုဖို့ တစက်ကမျှ စိတ်ခေါင် စားမိပါဘူး။ဆရာဘုန်းကြီးပြောပေမယ့် ကျွန်တော့်စိတ်ကာ ရွာ ထဲမှာ'' ရောက်နေပါတယ်ဟု ပွင့်ပွင့်လင်းလင်း ရိုးရိုးသား သားနဲ့—

''ကျွန်တော့်ဆရာ ပြောပြရှာ နားမှာမဝင်ဘယ်။
ကျွန်တော့်စိတ်မှာ သည့်အခါ ရွာသာရောက်တော့တယ်။''

ဟု ပြောကြားလေသည်။

၆။ ယောကျ်ားစစ်ပ လုလုရ မင်းဘဝကိုနှမြောဘယ်၊
လူတို့ပြေရှာ အမောင့်မှာ ဘာမျှားသေ့ပ်ခဲ့ဘယ်။
ကျွန်တော့်မယား စားဖို့မျှားကြိုးစားလုပ်ခဲ့ဘယ်။

''အို အမျိုးသား....ငါက မင်းကို သိပ်ပြီးသနားဘယ်။ ယောကျ်ားဖြစ်ဘယ်ဆိုဘာ သိပ်ကံထူးလို့ဖြစ်ဘာ၊ ယောကျ်ား ဖြစ်ခိုက် 'အမျိုးသား ကြိုးစားအားသစ်ရာ၊ ပညာရှိမငြီးမငွေ့ ရာ' ဆိုတဲ့အတိုင်း အလွန်ကြိုးစားဖို့ကောင်းတာ၊ ဒါနတွေပြုဖို့

ကောင်းလိုက်တာ၊ သီလဆောက်တည်ဖို့ ကောင်းလိုက်တာ၊ ဘာဝနာကမ္မဋ္ဌာန်းစီးဖြန်းဖို့ကောင်းလိုက်တာ၊ ရှင် ရဟန်းပြုဖို့ ကောင်းလိုက်တာ၊ အိုလူသား… ငါနှယ်ယောကျ်ားကောင်းစင်စစ် ဖြစ်ခဲ့တဲ့မင်းဘဝ နှမြောလိုက်လေတယ်။ အိုယောကျ်ား…. ထားတော့ လူ့ပြည်မှာ အကြာကြီးနေခဲ့ပြီး ဘာတွေလုပ်ခဲ့တုံး၊ ပြောစမ်းပါဦး''ဟု ပြောဆိုမေးမြန်းလိုက်တဲ့အတွက်—

"ယောကျ်ားစစ်၂ လှလှရမင့်ဘဝကို နှမြောတယ်၊

လူတို့ပြေရွာ အမောင့်မှာ ဘာများလုပ်ခဲ့ဘယ်''ဟု မိန့်ဆိုလေသည်။

ထိုအခါ ငရဲသားက "အိုသမမင်းကြီး၊ ဟုတ်တဲ့အတိုင်းပဲ ကျွန်တော်အစီရင်ခံပါ့မယ်၊ ကျွန်ုပ်ဘော် လူ့ပြည်မှာ အသက်ရှည် သမျှကာလပတ်လုံး ကျွန်တော့်မယားစားဖို့ ဝတ်ဖို့ကြွားဖို့၊ ဝါဖို့ ကျွန်တော်နှင့်အတူတူ တင့်တောင့်တင့်တယ်နေနိုင်ဖို့၊ တိုက်နဲ့ကားနဲ့နေနိုင်ဖို့ စသည်တို့ကိုလုပ်ခဲ့ပါဘယ်''ဟု—

"ကျွန်တော့်မယား စားဖို့များ ကြိုးစားလုပ်ခဲ့ဘယ်''ဟု ပြောဆိုလေသည်။

၇။ အမောင်အမောင် ယောင်တောင်တောင် အမောင်မှားခဲ့တယ်။

သဒ္ဒါမြောင့်တန်း ဒါနခန်း ပြောစမ်းပါဦးကွယ်။

သားကြီးရှင်ဖြစ် ကျွန်တော်စစ်ညစ်၍လှူခဲ့တယ်။

"အိုအမောင်ယောကျ်ား….အမောင်သိပ်မှားခဲ့တယ်၊တကယ်တော့ ရေတွင်းထဲ ဆောက်ပါလျက် ရေမသောက်ရသလို ဖြစ်

နေပြီ။ ဇောတိရသ အစရှိသော ပဋ္ဌမြား ရတနာတို့၏ ဖြစ်ထွန်းရာ ဝေပုလ္လတောင်ရောက်တဲ့ မုဆိုးဟာ အဖိုးအနဂ္ဃထိုက်တန်သော ပဋ္ဌမြား ရတနာကို မကောက်မယူခဲ့ပဲ မီးသွေးကျောက်ကို ယူလာသလို ဖြစ်နေပြီ။ အမောင်ယောကျ်ား မှားပြီ၊ ယောင်တောင်တောင်နဲ့ အမှားကြီး မှားလေပြီ" ဟူသောသဘောဖြင့်-

"အမောင်အမောင် ယောင်တောင်တောင် အမောင်မှားခဲ့တယ်" ဟု ဆိုလေသည်။

တဖန် ယမရာဇာသည် ဆက်လက်၍ "အို ယောကျ်ား ... သဒ္ဓါဖြောင့်တန်း ဒါနခန်း ပြောစမ်းပါဦး။

အိုယောကျ်ား ဒါနဟာ သုတ္တန်ဒေသနာ နည်းအားဖြင့်—

၁။ အန္နဒါန-ထမင်းအလှူ။
၂။ ပါနဒါန=အဖျော်ယမကာအလှူ။
၃။ ဝတ္ထဒါန=အဝတ်သင်္ကန်းအလှူ။
၄။ ယာနဒါန=ဖိနပ်အစရှိသော ယာဉ်အလှူ၊ လှေယာဉ်၊ မော်တော် ကားယာဉ်-စသည်ဖြင့် သံဃာတော်များအား ပို့ဆောင်ခြင်း၊ ရထားလက်မှတ် သင်္ဘောလက်မှတ် စသည့်အလှူ။
၅။ မာလာဒါန=ပန်းအလှူ။
၆။ ဂန္ဓဒါန=နံ့သာအလှူ။

---

၁။ ဝေပုလ္လံ လုဒ္ဒကော ဂန္တွာ၊ မဏာဒိ ရတနံ ဗဟုံ။
သန္တံ အင်္ဂါရကဿာပိ၊ ဂဟာဏော ကိံပယောဇနံ။

၇။ ဝိလေပနဒါန=နံ့သာပျောင်း နံ့သာရည်အလှူ။
၈။ သေယျဒါန=ညောင်စောင်းအင်းပျဉ် အိပ်ရာနေရာအလှူ။
၉။ အာဝသထဒါန=ကျောင်း ဇရပ်အလှူ။
၁၀။ ပဒီပေယျဒါန=ဆီမီးထွန်းရန် (မီးထွန်းရန်) ဆီ၊ မီးခွက်၊ ဆီမီးစာ၊ ဖယောင်းတိုင်၊ ဖယောင်းသီး၊ ဖယောင်းချောင်းအလှူ-ဟူ၍ ၁၀-ပါးရှိတယ်။

ဝိနည်းဒေသနာအားဖြင့်—

၁။ စီဝရဒါန=သင်္ကန်းအလှူ။
၂။ ပိဏ္ဍပါတဒါန=ဆွမ်းအလှူ။
၃။ သေနာသနဒါန=ကျောင်းအိပ်ရာနေရာအလှူ။
၄။ ဘေသဇ္ဇဒါန=ဆေးအလှူ-အားဖြင့် ၄-ပါးရှိတယ်။

အဘိဓမ္မာဒေသနာနည်းအားဖြင့်—

၁။ ရူပဒါန=ရူပါရုံအလှူ။
၂။ သဒ္ဒဒါန=သဒ္ဒါရုံအလှူ။
၃။ ဂန္ဓဒါန= ဂန္ဓာရုံအလှူ။
၄။ ရသဒါန=ရသာရုံအလှူ။
၅။ ဖောဋ္ဌဗ္ဗဒါန=ဖောဋ္ဌဗ္ဗာရုံအလှူ။
၆။ ဓမ္မဒါန=ဓမ္မာရုံအလှူ-အားဖြင့် ၆-ပါးပြားပေတယ်။

အဲဒီ အလှူအမျိုးအစားအပြားတွေကိုကော အမောင် ယောကျ်ား သိပါရဲ့လား၊ အဲဒီသုတ္တန်၊ ဝိနည်း၊ အဘိဓမ္မာ နည်းအားဖြင့်ပြားတဲ့အလှူတွေကို လှူခဲ့ရဲ့လား၊ဒါန်းခဲ့ရဲ့လား။ အို ငရဲသားယောကျ်ား သဘောကျအောင် နားထောင်ပါ....

ဒါနဆိုတာ သတ္တဝါတို့၏ အားထားမှီခိုရာလဲ ဖြစ်တယ်။ ရောက်လေရာရာဘဝတိုင်းဝယ် ထောက်ဘည်ရာရသည့်အတွက် မြေကြီးတမျှ အလားတူတယ်၊

သတ္တဝါများ မြဲမြံ တင်းကြပ်စွာ စွဲကိုင်အပ်သည့်အတွက် လက်ကသုံးကြိုးတန်းနှင့်လဲ တူတယ်။ ဆင်းရဲမွဲတေသော ဘဝ၊ အစားဆင်းရဲ အနေဆင်းရဲ အဝတ်ဆင်းရဲ-စသည့် ဆင်းရဲဒုက္ခ အဖုံဖုံမှ ထုတ်ဆယ်ကယ်တင်တတ်ရကား လှေသင်္ဘောနှင့်လည်း တူပေတယ်။ လိုချင်မှု၊ နှမြောဝန်တိုမှု စသော ဆန့်ကျင်ဘက် ဘေးရန်တို့မှ သက်သာရာကို ရစေတတ်သောကြောင့် ရွှေတန်း စစ်မြေပြင်ရောက် သူရဲကောင်းနှင့်လည်း တူတယ်။ အမောင် ယောကျ်ား သို့စဉ်ကလောက်ထူးခြားတဲ့ ဒါနမှုအလှူပေးမှု ပြုခဲ့ရကား မိမိ၏ ရင်သွေးသည်းချာသားရတနာများကို ဘုရား မြတ်စွာသာသနာတွင် သွတ်သွင်းခဲ့ရဲ့လား''စသည်ဖြင့် မေးမြန်း လေရာ ငရဲသား ယောကျ်ားက—

''အိုအရှင်ယမမင်း ကျွန်တော်မျိုးသားများ ကြီးလာသဖြင့် တပါးသူတို့ ကဲ့ရဲ့သဂြိုဟ် ကောင်းတင်းဆိုကြမှာ ကြောက်ပါ သဖြင့် ဇာဖြစ်ကညစ် လှူခဲ့ပါသည်''ဟူသော သဘောမျိုးဖြင့် ''သားကြီးရှင်ဖြစ် ကျွန်တော်စစ် ညစ်၍ လှူခဲ့တယ်'' ဟု လျှောက်တင် ဖြေဆိုလေသည်။

၈။ လှူသောအခါ စေတနာသုံးဖြာ ညီလားကွယ်။
သုံးချက်စေတနာ နည်းလှပါ မှန်စွာလျှောက်တော့မယ်။
ကျွန်တော့်အလှူ ကြေးတွေပူ ငွေကူမျှော်မိတယ်။
ကူငွေနှင့်သာငါလှူတာ ထေမိပါယင်တော်ရော့မယ်။
ကျွန်တော်မျိုးမှာ ဆည်လိုသာ အောက်မေ့မိပါတယ်။

ဆက်လက်၍ ယမမင်းက- "အိုအမျိုးသား....သားကြီး ရှင်ဖြစ်လှူခဲ့ကြောင်း လျှောက်တင်သဖြင့် သိရပေ၏။ ယင်းသို့ သောအခါတွင် ပုဗ္ဗစေတနာ[၁]၊ မုဉ္စစေတနာ[၂]၊ ပရစေတနာ[၃] ၃-ချက်နဲ့ ပြည့်စုံရဲ့လား" ဟု "လှူသောအခါ စေတနာ သုံးဖြာ ညီလားကွယ်" ဟု မေးလေသည်။

ထိုအခါ ငရဲသားက- "အိုအရှင်မင်းကြီး... ကျွန်တော်မျိုး မထိန်ချန်ပဲ မှန်စွာလျှောက်တင်ပါမယ်။ ကျွန်တော်မျိုး ပုဗ္ဗစေတနာ၊ မုဉ္စစေတနာ၊ ပရစေတနာ ၃-ဖြာမညီညွတ်ပါ။ စေတနာသုံးချက် အလွန်နည်းပါးပါသည်။ အမှန်တော့မရှိမယ့် ရှိမယ့်ကြေးယူလှူရသည့်အတွက် ကြေးမကျေမှာ စိုးလှပါသဖြင့် ငွေများများကူမည့်သူ မျှော်လင့်ပါကြောင်း" ကို "ကျွန်တော့် အလှူ ကြေးတွေပူ ငွေကူမျှော်မိတယ်" ဟူ၍ လျှောက်တင် လေသည်။

---

၁။ မလှူမီ ရှေးအဖို့၌ ဖြစ်သောစေတနာ။
၂။ လှူဆဲအခိုက်အတန့်၌ ဖြစ်သောစေတနာ။
၃။ လှူပြီးနောက် အခါရှည်ပြ၍ ဖြစ်ပေါ်သောစေတနာ။

"ဒါတွင်မကသေးဘူး ကျွန်တော့်မှာ တခါတခါ ငွေစာရင်းကိုင်ကို ဘယ်နှယ်တုံး ကိုက်လောက်ပါ့မလား မေးလိုက်၊ ရံခါ ကူငွေထည့်တဲ့ သေတ္တာဖွင့်ကြည့်လိုက်နဲ့ ငုဝ်ဘမမ၊ ကူငွေနှင့် ထေမိယင် တန်ကောင်းရဲ့၊ ထေမိယင် တော်လောက်ပါပြီ။ မမြတ်ချင်လဲ နေပါစေ-ဟု ကျွန်တော်မျိုး အောက်မေ့မိပါတယ်" ဟု လျှောက်တင်လေသည်။

၉။ ယုတ်မြတ်မဟူ စားသောက်သူ ကြည်ပြူပါလားကွယ်။

ငွေကူများရာ လူချမ်းသာ မျက်နှာလိုက်၍ကျွေးခဲ့တယ်
မျက်နှာနည်းပါ၊ လူမွဲများ မလွှဲသာ ကျွေးကျွေးရတယ်။

လူချမ်းသာလျှင်မဏ္ဍပ်ဝင်ဗျာလျှင်သင်ပြူးခင်းပေးတယ်။

သည်ကို ဟိုကို ကြွပါဆို ဗျိုဗျာမစဲခေါ်ခဲ့တယ်။

ကွမ်းဆေးလက်ဖက်ဆီစက်စက် ဝက်နှင့်ကြက်သားကျွေးခဲ့တယ်။

ယမမင်းသည် စုံစုံလင်လင် စစ်ဆေးမေးမြန်းလေသည် "အို အမျိုးသား....တို့အလောင်းတော် သူဌေးမောင်တို့တော့ လှူဒါန်းပြီဆိုလျှင် အယုတ်၊ အလတ်၊ အမြတ်မရွေး ကြည်ကြည်ဖြူဖြူ သဒ္ဓါတရား ရှေ့ထားပြီး ကျွေးမွေးခဲ့တယ်။ လှူဒါန်းခဲ့တယ်။ သည်တော့ မင်းကော ယုတ်တဲ့သူ၊ မြတ်တဲ့သူ၊ ပိုက်ဆံမဲ့မွဲဆင်းရဲတဲ့သူ၊ ပိုက်ဆံပေါတဲ့သူ၊ ငွေအသပြာရွှေတဲ့သူတို့ကို လူတန်းစားညီညီ ကြည်ကြည်ဖြူဖြူ ပေးခဲ့ရဲ့လား၊ ကျွေးခဲ့ပါရဲ့လား" ဟု

"ယုတ်မြတ်မဟူ စားသောက်သူ ကြည်ဖြူပါလားကွယ်" ဟု မေးလေသည်။

ထိုအခါ ငရဲသားက- "အိုဆရာယာမမင်း-သည်လိုဘယ်ဟုတ်မလဲ။ ထမင်းရုံ ၂-ရုံထားပြီးတော့ ကျွေးခဲ့ပါတယ်။ ထမင်းရုံနှစ်ရုံကတော့—(၁) အများကျွေးရုံ။ (၂) သက်တို့ရုံ တို့ပဲဖြစ်ပါတယ်။ အများကျွေးရုံကတော့ ထင်ထင်ရှားရှား အများသိကျွေးတဲ့ထမင်းရုံပါ။ အဲဒီထမင်းရုံကတော့ ပဲကြော်၊ ပဲပင်ချဉ်၊ ကြက်သွန်ကြော်၊ ဟင်းရည်ကျဲလောက်နဲ့ပဲ ကျွေးတယ်ခင်ဗျ။ အဲဒီထမင်းရုံထဲ ကျွေးတဲ့ လူတွေကတော့ ကူငွေ ၁-ကျပ်၊ ၂-ကျပ်၊ ၃-ကျပ်၊ ၄-ကျပ်၊ ၅-ကျပ်လောက်သာ ကူတဲ့ မျက်နှာနဲ့ဘဲ့ လူမွဲတွေ ကျွေးတာခင်ဗျ။ ပိုက်ဆံ ၅ဝ၊ ၁ဝဝ၊ ၂ဝဝ၊ ၃ဝဝ၊ ၄ဝဝ၊ ၅ဝဝ-စသည်ကူတဲ့လူတွေ အလှူလာပြီဆိုလျှင် ပုဇွန်ချော၊ သင်ဖြူးချော၊ ကောဇာ စတဲ့အခင်း အကောင်းစားတွေ ခင်းထားတဲ့နေရာမှာ အိုဆရာကြီး သည်နေရာထိုင်ပါ၊ သည်နေရာကြွပါစသည်ဖြင့် ပျူပျူငှာငှာ ဗျိုဗျာမစဲ ဖိတ်ခေါ်ခဲ့ပါတယ်။

"ထမင်းကျွေးတဲ့အခါမှာလဲ လက်နဲ့အသာတို့ပြီး ဆရာကြီးသီးခြား ထမင်းရုံရှိတယ်လေ။ အဲဒီမှာ ထမင်းစားကြွပါ-စသည်ဖြင့် ဖိတ်ခေါ်ပြီး ကွမ်းဆေးစုံလင်စွာ ဆီအနှစ်သား ဆမ်းထားတဲ့ လက်ဖက်နဲ့ ဧည့်ခံခဲ့ပါတယ်။ ထမင်းကျွေးတဲ့အခါလဲ ငါးသား ကြက်သား အမဲသား ငါးသလောက် စတဲ့ဟင်းကောင်း ဟင်းမွန်တွေနဲ့ အကောင်းစား ကျွေးခဲ့တယ်ဗျ" စသည်ဖြင့် လျှောက်ဆိုလေသည်။

ထိုကိုရည်၍—

"ငွေကူများဆာ လူချမ်းသာ မျက်နှာလိုက်၍ ကျွေး
ခဲ့တယ်။
မျက်နှာနည်းပါး လူမွဲများ မလှဲသာကျွေး ကျွေးရတယ်။
လူချမ်းသာလျှင် မကျွပ်ဝင် ဖုံလျှင်သင်ဖြူးခင်းပေး
တယ်။
သည်ကိုဟိုကို ကြွပါဆို ဗျိုဗျာမစဲ ခေါ်ခဲ့တယ်။
ကွမ်းဆေးလက်ဖက်ဆီစက်စက် ဝက်နှင့်ကြက်သားကျွေး
ခဲ့တယ်"ဟု ဆိုလေသည်။

၁၀။ မင့်အလှူဟာ ငွေတွေသာ နှမြောပါဘိကွယ်။
ပရိက္ခရာ ဆောင်ရန်မှာ ကောင်းစွာလှူလာကွယ်။
ပရိက္ခရာ ညံ့လှစွာ ဖိုးချိုတာမှ ဝယ်ခဲ့တယ်။

ယမမင်းသည် ငရဲသားအား ငရဲမှ လွှတ်လိုလွှတ်ငြာ ကောင်းတာများတွေ့မလား၊ ကုသိုလ်အချက်အလက်များ တွေ့လိုတွေ့ငြား မေးမြန်းရာ မဟန်လှသဖြင့် စိတ်စက်မကြည်သာနိုင်ရှာပဲ "အိုယောကျ်ား....မင့်အလှူငွေတွေကုန်ဘာ နှမြောလှပါဘိ" ဟု ညည်းတွားသည့်အနေဖြင့် "မင်းအလှူဟာ ငွေတွေသာ နှမြောပါဘိကွယ်"ဟု မိန့်ဆိုလေသည်။

ယမမင်းသည်-"သပိတ် သက်နံးစတဲ့ ပရိက္ခရာအလှူဟာ သိပ်ကြီးကျယ်တယ်။ သုံးတန်စေတနာ ညီညီညွတ်ညွတ်နဲ့ သပိတ်သင်္ကန်းစတဲ့ ပရိက္ခရာလှူသူဟာ အမျိုးသားများဆိုလျှင် ဟော်ဘိကျှုံးဟန်းတောင် ဖြစ်နိုင်တယ်။ အမျိုးသမီးများဆိုလျှင် အဖိုးကိုးကုဋေတန် မဟာလတာတန်ဆာကြီး ဆင်မြန်းရပြီး မင်္ဂ

ဖိုလ်ရနိုင်တယ်။ ငါပရိက္ခရာ လှူတဲ့အကြောင်းနဲ့စပ်ပြီး မေးဦး မယ်''ဟု စိတ်ကူးပြီး ''ပရိက္ခရာဆောင်ရန်မှာ ကောင်းစွာလှူ လားကွယ်''ဟု မေးမြန်းလေသည်။

ထိုအခါ ငရဲသားက ''ပရိက္ခရာကိုလဲ မာလကျင်သက်နိုး အကြမ်းစား၊ အညံ့စား၊ သပိတ်က မြေသပိတ်၊ သားရေနွယ်က စက္ကူကပ်ပြား၊ ဓားကလဲ အတုံးသံပြားဓား၊ ခါးပန်းကြိုးက လဲ ပဘ်မဖြစ်အညံ့ စသည်ဖြင့် ညံ့ပေဆိုတဲ့ ပရိက္ခရာကို အဖိုး ချိုချိုနဲ့ ဝယ်ပြီးလှူခဲ့ကြောင်း'' ''ပရိက္ခရာ ညံ့လှစွာ ဖိုးချို တာမှဝယ်ခဲ့တယ်''ဟူ၍ ဟုတ်မှန်သည့်အတိုင်း အဖြေပေးလေ သည်။

၁၁။ လှူသောအခါ ပစ္စည်းမှာ စင်ကြယ်ပါလားကွယ်။
ကျွန်တော်လှူတာ ပစ္စည်းမှာ ခိုးတာများခဲ့တယ်။

ယမမင်းသည် ''လှူဒါန်းသောအခါ သူတပါးတို့ကို မျက် ရည်ပေါက်ကြီး ငယ်ကျစေ၍ ခိုးတိုက်ရသော ပစ္စည်းဖြင့် လှူ သောအလှူသည် မမြတ်။ သူတပါးကို မျက်ရည်ပေါက်ကြီး ငယ် မကျစေပဲ တရားသဖြင့် ရှာမှီး၍ ရသောပစ္စည်းဖြင့် ဖြစ် ပေါ်ရရှိသော ဒါနဝတ္ထုကို လှူဒါန်းခြင်းသည်သာလျှင် မြတ်သည်။ ဤအမျိုးသား၏အလှူသည် သူတပါးကို မျက်ရည် ပေါက်ကြီးငယ်မကျစေပဲ တရားသဖြင့် ရရှိသည့်ပစ္စည်းဖြင့် ဖြစ် ပေါ်သည့် အလှူသာဖြစ်ပါစေ''ဟု နှလုံးပိုက်၍ ''လှူသော အခါ ပစ္စည်းမှာ စင်ကြယ်ပါလားကွယ်''ဟု မေးမြန်းလေရာ-

ငရဲသားက ''အို အရှင်ယမမင်း....ကျွန်တော်လှူတဲ့ပစ္စည်း မှာ သူတပါးတို့ကို မျက်ရည်ပေါက်ကြီးငယ် ကျစေလျက် ခိုး

ဆိုးတိုက်ခိုက် လုယက်၍ လုယူကြောင်း'' ''ကျွန်တော်လုယူတာ ပစ္စည်းမှာခိုးတာများခဲ့ဘယ်''ဟု လျှောက်တင်ချက်ကို ကြားသဖြင့် ယမမင်းအလိုမကျပဲ ဖြစ်လေသည်။

၁၂။ ပစ္စည်းကုန်သော မင်းလုယူတာ ဝမ်းနည်းပါလေဘယ်။
အုန်းကြီးပင့်ခန်း အလမ်းလမ်း ပြောဝမ်းပါဦးကွယ်။
အကျင့်သိက္ခာ ရွေးချယ်ကာ မြတ်ရာကိုယ်တော် ပင့်လားကွယ်။
သည်လိုဟာမှာ မလေ့သာ မျက်နှာနာမှာ ပင့်ခဲ့ဘယ်၊
နှဘဲဆက်ခေါင် မျက်နှာရှင် ပုဂ္ဂိုလ်ကောင်းလို့ထင်တယ်။
သည်လိုဆရာ ကျွန်တော်မှာ များစွာပင့်ခဲ့တယ်၊
တို့အမျိုးပါ တို့ဆရာ တို့ရွာကိုယ်တော် ပင့်ဦးမယ်။
ပြောင်းနှင့်စပါးမင်းတို့များ ဘယ်လောက်ရလားကွယ်။
ကျောင်းကိုများသွား ဘဟားဟာ၊ လက်ဖက်ကွမ်းစားတယ်။
ငှက်ပျောအုန်းသီး တကောကြီး မြိုးဝမ်းပါဦးကွယ်၊
သည်လိုခေါ်ဆို မျက်နှာချို ထိုပုဂ္ဂိုလ်မှ ပင့်ခဲ့ဘယ်။
ကျွန်တော်တို့ရွာ လှူကြတာ သည်လိုချည်းသာ ပင့်ကြတယ်။

ယမမင်းသည် ယင်းသို့ အလိုမကျပဲရှိသဖြင့် ''အခေါင်ယောကျ်ား....အကျိုးမရှိပဲ အလဟဿ ပစ္စည်းတွေကုန်တာ၊ ငွေကြေးတွေကုန်ကျတာ ဝမ်းနည်းလှတယ်'' သို့ဖြစ်၍ - ''ပစ္စည်း

ကုန်သာ မင်းလျှူတာ ငမ်းနည်းပါသေတယ်''ဟု ယမမင်းက ဆိုလေသည်။

ယမမင်းသည် ဆက်သက်၍ ''သားရှင်ပြု အလှူလှူတဲ့အခါ ဘယ်လိုဘုန်းကြီးများ ပင့်ခဲ့တုံး၊ အကယ်၍ သီလဝန္တ သိက္ခာကာမ သီလရှိအကျင့်သိက္ခာနှင့် ပြည့်စုံတဲ့ကိုယ်တော်တွေ ပင့်ခဲ့သို့ ရှိလျှင် သံဃာတော်ကို ရည်မှန်းပြီး သံဃိကအလှူခံလို့ရှိလျှင်သဲ အကျိုးတွေအများကြီး ရတန်ရာ၏''ဟု ယင်းသို့ သီလဝန္တ သိက္ခာကာမ သီလရှိအကျင့်သိက္ခာနှင့် ပြည်စုံတဲ့ကိုယ်တော်တွေ ပင့်လှူခဲ့လျှင် သံဃိကဒါနများ ဖြစ်ခဲ့လျှင် ငရဲက ပသပ်လိုက်ပြီး လူ့ပြည် နတ်ပြည်သွားဖို့ အခွင့်လမ်းသာအောင် ပြုလုပ်ရန် ရည်ရွယ်သဖြင့်- ''ဘုန်းကြီးပင့်ခန်း အသမ်းလမ်း ပြောစမ်းပါဦးကွယ်။ အကျင့်သိက္ခာ ရွေးချယ်ကာ မြတ်ဆုကိုယ်တော် ပင့်လားကွယ်''ဟု မေးမြန်းလေသည်၊

ထိုအခါငရဲသားယောကျ်ားက ''ယမမင်းကြီးထင်တဲ့အဘိုး မဟုတ်ပါကြောင်း၊ သီလရှိသည်၊ သမာဓိရှိသည်၊ ပညာရှိသည် မလေ့လာခဲ့ကြောင်း၊မျက်နှာနာပြီး သိကျွမ်းတဲ့ကိုယ်တော်များ ကိုပင့်ရကြောင်း''ကို ''သည်လိုဟာမှာ မသေ့သာ မျက်နှာနာမှ ပင့်ခဲ့တယ်''ဟူ၍သည်းကောင်း၊

''နှုတ်ချို နှုတ်သွက်တဲ့ ကိုယ်တော်တွေ၊ ဒကာကြီး နေကောင်းလား၊ ဒကာမကြီးကော နေကောင်းလား၊ ကလေးတွေကော နေကောင်းလား၊ဘုန်းကြီး ဒကာတို့ကို သတိရတယ်၊ ဒကာကြီး သည်နားထိုင်ပါ- စသည်ဖြင့် နှုတ်ဆက်ပြောဆို

မျက်နှာချိုတဲ့ ကိုယ်တော်များကို ပင့်ခဲ့ပါဘယ်"ဟူ၍ ဖြေဆို လေသည်။

ထို့ကြောင့် သံပေါက်၌-"နှုတ်ဆက်ခေါ်ငင် မျက်နှာရှင် ပုဂ္ဂိုလ်ကောင်းလို ထင်ခဲ့ဘယ်။ သည်လိုဆရာ ကျွန်တော်မှာ များစွာပင့်ခဲ့တယ်" ဟူ၍လည်းကောင်း ဆိုလေသည်၊

"အို...ယမမင်းကြီး သာတွင်မကသေးပါဘူး၊ သည်ကိုယ် တော်က တို့အမျိုးပဲ၊ ပင့်မှဖြစ်မယ်၊ သည်ကိုယ်တော်က ငါ့ မိန်းမဘက်က အမျိုးတော်တယ်၊ သည်ကိုယ်တော်လဲ ပင့်မှဖြစ် မယ်၊သည်ကိုယ်တော်က တို့ရွာသား၊သူလဲ ချန်ဘားလို့မဖြစ်ဘူး၊ သည်ကိုယ်တော်က ငါနေမကောင်းတုန်းက၊ ငါ့မိန်းမ နေမ ကောင်းတုန်းက မေးဖော်ရဘယ်၊ ပင့်ရမယ်၊ ကျောင်းရောက် လျှင် ဘုန်းကြီးက ဒကာကြီး ပြောင်းဘယ်လောက်ရသုံး၊ နှမ်း ဘယ်လောက်ရသုံး၊ စပါးကော အဆင်ပြေရဲ့လား-စသည်ဖြင့် မေးဖော်ရတယ်၊ အဲသည်ကိုယ်တော်လဲ ပင့်ရမယ်၊ စဉ်စစ်တော့ မပင့်လျှင် မကောင်းတဲ့ မကောင်းဘုန်းကြီးတွေ ပင့်ခဲ့ရ ကြောင်း၊ ကျောင်းသွားလျှင် ကျောင်းက ရယ်စရာမောစရာ ပြောပြီး လက်ဖက်တို့ ကွမ်းတို့ စားခဲ့ဘယ်၊ ဒကာကြီး ငှက် ပျောသီးစားပါဦး၊ အုန်းသီးစားပါဦး-စသည်ဖြင့် ကျွေးတဲ့ လောကဝတ် ပျူငှာရှိတဲ့ ဘုန်းကြီးတွေ၊မျက်နှာချိုတဲ့ ဘုန်းကြီး တွေကိုလဲ ပင့်ခဲ့ရကြောင်း" စသည်တို့ကို လျှောက်ဘင်လေ သည်၊

ငှင်းပြင် ငရဲသားသည် ကျွန်တော်တို့ရွာ လူကြီးဘာတွေ သည်လိုချည်းပါပဲဟုလည်း ဖြေဆိုလျှောက်ဘင်လေသည်။

သို့ဖြစ်၍ သံခေါက်၌''တို့အမျိုးပါ တို့ဆရာ တို့ရှာကိုယ်တော် ပင့်ဦးမယ်။ပြောင်းနှင့်စပါး မင်းတို့များ ဘယ်လောက်ရလား ကွယ်။ကျောင်းကိုများသွား တဟားဟား လက်ဖက်ကွမ်းစား တယ်။ ငှက်ပျော အုန်းသီး ဒကာကြီး မြီးစမ်းပါဦးကွယ်။ သည်လိုခေါ်ဆို မျက်နှာချို ထိုပုဂ္ဂိုလ်မှ ပင့်ခဲ့တယ်။ ကျွန်တော် တို့ရွာ လူကြုံဘာ သည်လိုချည်းသာ များကြတယ်။'' ဟူ၍ ဆိုလေသည်။

၁၃။ အမောင်လှူတာ ဗလချာ တန်ပါဦးတော့ကွယ်။
အင်္ဂါငါးလီ ပဥ္စသီ ဆောက်တည်မြဲလားကွယ်။
သီလငါးပါး ကျင့်တရား ပျက်ပြားများခဲ့ဘယ်။
သက်သတ်ခိုးမှု ကာမေသု တခုမကျန်ပေါက်ခဲ့တယ်။
မုသားသေရည် ဤနှစ်လီ ဝသီရှိတိုင်း ကျင့်ခဲ့တယ်။

ယမမင်းသည် ထင်သည့်အတိုင်း မဟုတ်သည့်အတွက် စိတ် ပျက်သွားသည်။သို့ဖြစ်၍ ကရုဏာ ဒေါသောအနေနဲ့''အမောင် လှူတာ ဗလချာ တန်ပါဦးတော့ကွယ်''ဟု ''အမောင် ယောကျ်ား....တော်ပါတော့ မလိုတော့ပါဘူး။ အမောင်လှူခဲ့ တာတွေဟာ ဗလချာပဲ''ဟု မိန့်ဆိုပြီး—

''အမောင်ယောကျ်ား—ကမ္ဘာသူ ကမ္ဘာသားတို့ အမြဲ စောင့်ထိန်းရသော ကမ္ဘာစောင့်တရား ၅-ပါးရှိတယ်။ ၅-ပါး သီလလို့လဲ ခေါ်တယ်။ လူတွေတော်တော်များများက 'ငါး ပါးပဥ္စသီ ခါးဝတ်ထည်'လို့လဲ ခေါ်တယ်။ ခါးမှာဝတ်တဲ့ အဝတ်အထည်များလို ထာဝရနိစ္စ မကျိုးမပေါက်အောင်

စောင့်ရှောက်ရသောသီလများဟု ဆိုလိုတယ်။ အဲဒီ ၅-ပါး သီလဟာ—

၁။ ပါဏာတိပါတာ ဝေရမဏိ=သူ့အသက်သတ်ခြင်းမှ ရှောင်ကြဉ်ခြင်း။

၂။ အဒိန္နာဒါနာ ဝေရမဏိ=သူ့ဥစ္စာခိုးခြင်းမှ ရှောင်ကြဉ်ခြင်း။

၃။ ကာမေသုမိစ္ဆာစာရာ ဝေရမဏိ=သူ့တပါးမယားကို သွားလာလွန်ကျူးခြင်းမှ ရှောင်ကြဉ်ခြင်း။

၄။ မုသာဝါဒါ ဝေရမဏိ=မဟုတ်မမှန်သော်စကားကို ပြောဆိုခြင်းမှ ရှောင်ကြဉ်ခြင်း။

၅။ သုရာမေရယ မဇ္ဇပမာဒဋ္ဌာနာ ဝေရမဏိ=သေအရက်ကို သောက်ခြင်းမှ ရှောင်ကြဉ်ခြင်း—

အားဖြင့် ၅-ပါးဖြစ်တယ်။ အဲဒီ ၅-ပါးသီလကို လုံခြုံစွာ မကြိုးမပေါက်အောင် စောင့်ရှောက် ဆောက်တည်ခဲ့ရဲ့လား" ဟု—"အင်္ဂါငါးလီ ပဥ္စသီ ဆောက်တည်မြဲလားကွယ်" ဟူ၍ မေးမြန်းလေရာ—

ငရဲသားက "အရှင်ယမမင်းပြောတဲ့ ငါးပါးသီလမလုံခြုံပါကြောင်း၊ ပျက်ပြားသည်သားများခဲ့ကြောင်း၊ သူတပါး အသက်ကိုလဲ သတ်ခဲ့ကြောင်း၊ သူတပါးဥစ္စာကိုလဲ ခိုးခဲ့ကြောင်း၊ သူတပါး

(၅)

မယားကိုလဲ လွန်ကျူးကျင့်ခဲ့ကြောင်း၊ မုသားစကားပြောခဲ့ကြောင်း၊ မူးယစ်စေတတ်သော သေရည်သေရက်-ဘိန်းဘင်းကဇော်စသည့်တို့ကိုလဲ သောက်စားခဲ့ကြောင်း”မကွယ်မဝှက်ပဲ-“သီလငါးပါး ကျင့်တရား ပျက်ပြားများခဲ့တယ်။ သက်သတ်ခိုးမှု ကာမေသု တခုကျန် ပေါက်ခဲ့တယ်။ မုသား သေရည်ဤနှစ်လီ ဝသီရှိတိုင်း ကျင့်ခဲ့တယ်” ဟု၍ ဖြေဆိုလေသည်။

၁၄။ ဖြစ်ခဲလေစွ လူ့ဘဝ သနားလှစေတော့တယ်။
ကျန်တော်ချည်းသာမဟုတ်ပါလူတကာလဲပျက်ကြတယ်၊
မိန်းမတွေဟာပျက်လိုက်တာချေးငယ်ရာတောင် ရန်ဖြစ်
တယ်။

ယမမင်းကြီးသည် အလွန်ကို အားမလိုအားမရ ဖြစ်နေသည်။ဤပုဂ္ဂိုလ်အတွက် ထွက်ပေါက်ရရန်မလွယ်ပါချေတကားဟု စဉ်းစားပြီး သက်ပြင်းချကာ....

“အိုအမျိုးသား....နက်စောက်ပြေးကျယ် ဧမ်းမမြင်တဲ့ပင်လယ်ထဲမှာ အပေါက်တပေါက်သာ ပါရှိတဲ့ ထွန်တုန်းပေါက်ထဲ လိပ်ကန်းလည်ပင်းစွပ်မိလျှင် စွပ်နိုင်ဖွယ်ရာရှိတယ်။ လူ့ဘဝရဖို့ သာထက် ခဲယဉ်းတယ်။ ငြမ့်ပြည်ကချတဲ့အပ်ဟာ မြေကစိုက်ထားတဲ့အပ်ဖျားမှာ ထိမယ်ဆို ထိနိုင်တယ်။ လူ့ဘဝရဖို့ထို့ထက်ခက်တယ်။ အိုအမောင်ယောကျာ်း....ရှိမှရှိရပလေ၊ ကြုံမှကြုံရပလေ။ လူ့ဘဝအရမတောင်လိုက်လေချင်း သနားလိုက်

ပါဘိ''ဟူသော အဓိပ္ပာယ်ဖြင့်–''ဖြစ်ခဲလေစွ လူ့ဘဝ သနားလှတော့တယ်''ဟု ညည်းညူရှာလေသည်။

ထိုအခါ ရေဲသားက''အိုယမမင်း....ကျွန်တော်ချည်း မဟုတ်ပါဘူး၊ တလောကလုံးပျက်နေတာပါ၊ ယောကျ်ားတွေပျက်တာဘာဟုတ်သေးတုံး မိန်းမတွေဟာ ပျက်လိုက်တာလွန်ရောဈေးဝယ်ယင်းတောင် ရန်ဖြစ်ကြတာ ဈေးထဲ ပွက်ပွက်ရိုက်လို့''ဟူသော အဓိပ္ပါယ်ဖြင့်''ကျွန်တော်ချည်းသာ မဟုတ်ပါ လူတကာလဲ ပျက်ကြတယ်။ မိန်းမတွေဟာ ပျက်လိုက်တာ ဈေးဝယ်ရာတောင် ရန်ဖြစ်တယ်''ဟု လျှောက်ဆိုလေသည်။

၁၅။ သည်မှာတခန်း ရွှေသို့လှမ်း မေးစမ်းပါဦးမယ်။
ဘုရားတရား သံဃာမျှား ဝပ်တွားပါလားကွယ်။
ဘုရားဖူးမျှား တဟားဟား ပျော်ပါးရအောင်
လိုက်ဖူးတယ်။

ထိုမှတပါး ယမမင်းသည် ဆက်လက်၍ မေးဦးမည်ဖြစ်ကြောင်း ပြောကြားပြီး ''အိုအမျိုးသား... လူ့ပြည်မှာ ဘုရားအမြတ်ဆုံး ရတနာ၊ တရားအမြတ်ဆုံး ရတနာ၊ သံဃာအမြတ်ဆုံး ရတနာတွေ ပေါ်ထွန်းလက်နေ့ပါတယ်။ အဲသည်ထူ မြတ်လှတဲ့ ဘုရားရတနာ၊ တရားရတနာ၊ သံဃာရတနာများကိုဝပ်တွားရဲ့လား၊ ရှိခိုးရဲ့လား၊ ဦးချရဲ့လား'' ဟု ဟူသောအဓိပ္ပါယ်ဖြင့်–''သည်မှာတခန်း ရွှေသို့လှမ်း မေးစမ်းပါဦးမယ်။

ဘုရားတရား သံဃာများ ဝပ်တွားပါလားကွယ်" ဟု ပြောဆို မေးမြန်းလေသည်။

ထိုအခါ ငရဲသားယောကျ်ားက– "အို ယမမင်း အရှင်မင်းကြီး မိန့်မြွက်သည့်အတိုင်း လူ့ပြည်မှာ ရတနာသုံးပါး ထွန်းကားပါတယ်။ ဘုရားဇိနော် ခေတ်တော်ကိန်းဝပ်တဲ့ ရွှေရောင်တောက် ထုံးရောင်လွှမ်းနေတဲ့ သာသနာ့ကျက်သရေဆောင် စေတီပုထိုးတွေ ပေါများလှပါတယ်။ အဲသည် ဘုရားတွေအား ဖူးကြမယ်ဆိုတော့ ကျွန်တော်လဲ လိုက်ခဲ့ပါတယ်။ သို့ပေမယ့် အပျော်အပါးသဘောနဲ့ ဘုရားဖူးယင်း လိပ်ဥတူးယင်းဆိုသလို လိုက်ခဲ့ပါတယ်" ဟူသော သဘောမျိုးဖြင့်- "ဘုရားဖူးများ တဟားဟား ပျော်ပါးရအောင် လိုက်ဖူးတယ်" ဟု ဖြေကြားလေသည်။

## ၁၆။ လိုက်သောအခါ မြတ်ဗုဒ္ဓါ ကြည်ညိုလှစွာဖူးလားကွယ်။

### ဗုဒ္ဓဂုဏ်ကော စိတ်မဝေ ရယ်မောစားသောက်ပြန်ခဲ့တယ်

ဆက်လက်၍ ယမရာဇာက– "အိုလူသား....ဘုရားဖူးလိုက်တယ်ဆိုတာ သိပ်ကောင်းတဲ့ အလုပ်ပဲ၊ လောကမှာ ဘုရားထက် ထူးမြတ်တဲ့ အရာမရှိဘူး၊ အဲသလို ဘုရားဖူးလိုက်တော့ ဘုရားအပေါ် သဒ္ဓါကြည်ညိုစိတ် ရောက်ပါရဲ့လား" ဟု မေးသည့်သဘောဖြင့် "လိုက်သောအခါ မြတ်ဗုဒ္ဓါကြည်ညိုလှစွာ ဖူးလားကွယ်" ဟူသော သံပေါက်ကို မိန့်ဆိုလေသည်။

ထိုအခါ ရဲသားက "ကျွန်တော် စောစောကလဲ တဟားဟားနဲ့ ပျော်ပါးရအောင် လိုက်တယ်လို့လဲ ဖြေခဲ့ပါပြီ၊ ကျွန်တော်မှာ မြတ်စွာဘုရား ရဲ့ ဂုဏ်တော်ဆီ စိတ်မရောက်ပါဘူး၊ ဘုရားဖူးသွားတော့လဲ မိန်းမတွေ တအုပ်ကြီးနဲ့ သွားတာဆိုတော့ သူတို့နဲ့ ရယ်မော စကားပြောလိုက်၊ ပြောင်လိုက် နောက်လိုက် စားလိုက်သောက်လိုက်နဲ့ ပြန်ခဲ့ဘာပါပဲ" ဟူသော သဘောမျိုးဖြင့် "ဗုဒ္ဓဂုဏော၊ စိတ်မစော၊ ရယ်မောစားသောက် ပြန်ခဲ့တယ်" ဟု ပြောကြားလေသည်။

၁၇။ မာတာပိတ မိနှင့်ဖ ညွတ်ခရဲ့လား ကွယ်။
မညွတ်ခပဲကျွန်တော်လဲ ဆဲတောင်ဆဲသေးတယ်။

တဖန် ယမရာဇာက...."အိုလူသား လောကကြီး မှာ မြင့်မိုရ်ဆယ်ပြန် ကျေးဇူးလွန်သည့် ချစ်ဝှန်ကဲသ အမိအဖဆိုတာ ရှိတယ်။ အဲဒီ မိဖတို့ကို ရိုသေခဲ့ရဲ့လား၊ ကိုင်းရှိုင်းခဲ့ရဲ့လား၊ လုပ်ကျွေးခဲ့ရဲ့လား" ဟူသော သဘောမျိုးဖြင့်—"မာတာပိတ မိနှင့်ဖ ညွတ်ခရဲ့လားကွယ်" ဟု မေးရာ—

"အိုယမရာဇာ....ကျွန်တော် အမိအဖတို့ကို မညွတ်ခပါ၊ မရိုသေခဲ့ပါ၊ ဘာသည့်ဘာသာ နေခဲ့ရုံမျှမက ရံခါကြီးကြား ဆဲတောင် ဆဲခဲ့ပါတယ်" ဟူသော အနေမျိုးဖြင့်- "မညွတ်ခပဲ ကျွန်တော်လဲ ဆဲတောင် ဆဲသေးတယ်" ဟု ဖြေဆိုလေသည်။

၁၈။ မှားစွမှားစွ မောင်ဗာလ သနားပါဘိကွယ်။
တရားတော်မှာ ဒေသနာ ကြားနာရဲ့လားကွယ်။
စိတ်ကမပါ ရှက်လိုက်တာ လူဆိုမှာကြောင့်နာဘူး-
တယ်။

ယမရာဇာသည်-ငရဲသား၏ နောင်ရေးတွေးပြီး သနားကြင်နာလှသဖြင့်- "မှားစွမှားစွ မောင်ဗာလ သနားပါဘိကွယ်"ဟု မြွက်ဆိုပြီး "လူ့ပြည်မှာ မေ့ဂုဏ်ထိကတွေ အလွန်ပေါပါတယ်။ မေ့ဂုဏ်ထိကတွေမှ စိုလ်ပင့်လိုဟောတဲ့ မေ့ဘာထိကတွေရော၊ မပင့်ပဲနဲ့ အနယ်နယ်အစိုစို အမြိုမြို့အရွာရွာ လှည့်ပြီး တရားဟောတဲ့ နယ်လှည့် မေ့ဂုဏ်ထိကတွေရော ပေါလိုက်တာ။ အဲသည်တော့ အဲဒီ မေ့ကထိကတွေဟောတဲ့ တရားတွေ နာကြားခဲ့ရဲ့လား" ဟူသော သဘောမျိုးဖြင့်-"တရားတော်မှာ ဒေသနာကြားနာရဲ့လားကွယ်"ဟု မေးမြန်းလေရာ—

ငရဲသားယောကျာ်းက-"အိုယမရာဇာ....ကျွန်တော့် စိတ်ကမပါပါဘူး၊ သို့ပေမယ့် လူဆိုမှာစိုးလို့ ရှက်ရှက်နဲ့ ရံခါကြိုးကြားနာဘူးပါတယ်"ဟူသော အနေမျိုးဖြင့်-"စိတ်ကမပါ ရှက်လိုက်တာ လူဆိုမှာကြောင့် နာဘူးတယ်" ဟု ဆိုလေသည်။

၁၉။ နာသောအခါ မင့်စိတ်မှာ သဒ္ဓါကြည်နူးရှိလား-
ကွယ်။
ကဏောင်ချောက်ချား စိတ်ကသွား တောထဲမျှား
တောင်ရောက်သေးတယ်။

တဖန် ယမရာဇာက— "အဲဒီလို တရားနာတော့ အမောင့်စိတ်ထဲမှာ တရားတော်ကို သဒ္ဓါယုံကြည်ရှိရဲ့လား"ဟု မေးသည့်

အနေဖြင့် "နာသောအခါ မင်စိတ်မှာ သဒ္ဓါကြည်နူးရှိလား ကွယ်"ဟု ဆိုလေရာ—

ရေဲသားယောကျ်ားက— "အို ယမရာဇာ....ကျွန်တော့်မှာ တရားထဲ စိတ်မရောက်ပါဘူး၊ လူ့စိတ်ဟာလဲ မျောက်စိတ်လို ပါပဲ၊ မတည်ကြည်ပါဘူး၊ ဟိုရောက်သည်သွားပါ၊ တခါတလေ စိတ်က တရားဆီမရောက်တဲ့အပြင် တောထဲများတောင် ရောက်နေပါတယ်"ဟူသော သဘောဖြင့်- "ကတောင်ချောက်ချား စိတ်ကသွား တောထဲများတောင် ရောက်သေးတယ်"ဟု ဖြေဆိုလေသည်။

၂၀။ ပုဂ္ဂိုလ်များစွာ ဟောကြားပါ သည်တခါလားကွယ်။ ကျွန်တော်မျိုးမှာ သည်တခါ လူမျက်နှာကြောင့်လိုက် သေးတယ်။

ယမမင်းက ဆက်လက်၍ "မွေကထိက ပုဂ္ဂိုလ်တွေ တရားဟောတာ အမောင်ပြောတဲ့အတိုင်း သည်တခါပဲလား"ဟု မေးသည့်အနေမျိုးဖြင့် "ပုဂ္ဂိုလ်များစွာ ဟောကြားပါ သည်တခါလားကွယ်"ဟု မေးလေရာ—

"မွေကထိက ပုဂ္ဂိုလ်တွေ ကျွန်တော်တို့ရွာ ကျွန်တော်တို့ဒေသ ကျွန်တော်တို့မြို့ လာဟောတာကတော့ ခဏခဏပါပဲ၊ သို့ရာတွင် ကျွန်တော်မျိုးကတော့တခါသာတကာသားအပေါ် အားနာလို့ လိုက်တာပါ"ဟူသော အဓိပ္ပာယ်ဖြင့် "ကျွန်တော်မျိုးမှာ သည်တခါ လူမျက်နှာကြောင့် လိုက်သေးတယ်"ဟု ဖြေဆိုလေသည်။

၂၁။ သည်တခါနှာ အမောင်မှာ ကြည်ညိုပါလားကွယ်။
တရားလဲချ အိပ်ရေးဝ ထ၍ပြန်ခဲ့တယ်။
မိန်မတွေ့ဟာ ငိုက်လိုက်တာ ကျွန်တော်ထက်တောင်
သာသေးတယ်။

"အမောင်လူသား....အမောင်ပြောလို့ တခေါက်တရားနာခဲ့တယ်ဆိုတာ သိရပေ၏။ အဲဒီတခါထဲ ကြည်ကြည်ညိုညို ယုံယုံကြည်ကြည်နာခဲ့ရဲ့လား"ဟူသောအဓိပ္ပါယ်ဖြင့် "သည်တခါနှာ အမောင့်မှာ ကြည်ညိုပါလားကွယ်"ဟု မေးလေရာ။

ငရဲသားက"အိုယမမင်းနှယ် ကြုံကြုံဖန်ဖန်မေးလိုက်တာကျွန်တော်က တရားပွဲရောက်ကတည်းက အိပ်လိုက်တာ မွေ့ကထိက ကိုယ်တော်က တရားလဲချ ကျွန်တော်လဲ အိပ်ရေးဝတာနဲ့ ထပြန်လာခဲ့တာပဲ။ အိုယမမင်း မိန်းမတွေငိုက်လိုက်တာမှ ကျွန်တော်ထက် အဆပေါင်းများစွာ သာတယ်ခင်ဗျ"ဟု ပြောဆိုသည့်သဘောဖြင့်-"တရားလဲချအိပ်ရေးဝ ထ၍ပြန်ခဲ့တယ်။ မိန်းမတွေ့ဟာ ငိုက်လိုက်တာ ကျွန်တော်ထက်တောင် သာသေးတယ်"ဟု ဆိုလေ၏။

၂၂။ ဝံကျောင်းဝိဟာ ကျောင်းတော်သာ ဆည်းကပ်ပါ၊
လားကွယ်။
ဆွမ်းမုန့်ငှက်ပျောကျောင်းမှာပေါ ရောရှ်လိုက်သွား
တယ်။

ထို့နောက် ယမမင်းက-"အိုအမောင်လူသား....မင်းတို့ရွာဦးမှာ ပရိယတ် ပဋိပတ်အလုပ်ကို ကြိုးကုပ်တော်မူကြတဲ့ ရဟန်း

သံဃာတော်တွေ သီတင်းသုံးရာ ကျောင်းတိုက်ရှိဘယ်မဟုတ်လား။ အဲဒီကျောင်းသို့ သွားရောက်ဆည်းကပ်ပြီး ရဟန်းသံဃာတော်တွေ ဖူးမြော်ခဲ့ရဲ့လား''ဟူသော သဘောဖြင့် ''စံကျောင်း ဝိဟာ ကျောင်းတော်သာ ဆည်းကပ်ပါလားကွယ်''ဟု မေးလေရာ။

''အိုယမရာဇာ....ကျွန်တော်တော့ ကျောင်းမှာ ဆွမ်းတွေ၊ မုန့်တွေ၊ ငှက်ပျောသီးတွေ ပေါတယ်လို့ကြားယင် ရောက်ပါတယ်''ဟု အမှန်အတိုင်း ဖြေလိုသဖြင့်- ''ဆွမ်းမုန့်ငှက်ပျော ကျောင်းမှာပေါ် ဒေါ်ချိလိုက်သွားတယ်''ဟု ဖြေဆိုလေသည်။

၂၃။ လိုက်သောအခါ ထေရ်သံဃာ ရဟန္တာလို့ဆင်လားကွယ်။
ဘုန်းကြီးနွားမှာ မရောက်ပါ တော်ရာချောင်ကခိုခဲ့တယ်။

''အိုလူသား .... အမောင်ကျောင်းရောက်တဲ့အခါ သံဃာတော်တွေကို ရဟန္တာလို့ ထင်ရဲ့လား၊ အရှင်မဟာကဿပ စသည်ရှိသော အရိယာသံဃာတော်တွေက ဆင်းသက်လာတဲ့ သံဃာတော်တွေပဲလို့ ကြည်ညိုခဲ့ရဲ့လား''ဟူသော အဓိပ္ပါယ်ဖြင့်— ''လိုက်သောအခါ ထေရ်သံဃာ ရဟန္တာလို့ ထင်လားကွယ်''ဟု မေးလေရာ။

ငရဲသားက ''ကျွန်တော်မျိုး ဘုန်းကြီးနွား မရောက်ပါကြောင်း၊ တော်ရာချော်ရာ ချောင်ကြိုချောင်ကြားက ခိုခဲ့ကြောင်း'' ''ဘုန်းကြီးနွားမှာ မရောက်ပါ တော်ရာချောင်က ခိုတယ်''ဟု ဖြေဆိုလေသည်။

၂၄။ ခိုးသောအခါ မင်းစိတ်မှာ ကြည်ညိုပါလားကွယ်။
ကြည်ညိုဝေးစွာကျွန်တော့်မှာစားစရာသာကြည့်ခဲ့တယ်။
စားစရာပင်ကြည့်၍မြင် ဘုန်းကြီးကပင် နှမြောတယ်။
သည်လိုများခေပ ကျွန်တော်လေ ဆိုတောင်ဆိုမိတယ်။
ကျွန်တော်ချည်းသာ မဟုတ်ပါ သူတကာလဲဆိုကြတယ်။

ယမနင်းသည် "တော်ရာနေ့်ဆာ ချောင်ကနိုပြီး တရားတော်ကိုနာ တရားတော်ကိုရှုမှတ် ပွားများ လျှင်လဲ ရေကလွတ်မြောက်နိုင်တဲ့ ကုသိုလ်ဖြစ်တယ်၊ သင့်တော်ရာ ချောင်ကြားက ခိုပြီး တရားတော်နာတာ ဖြစ်တန်ကောင်ရဲ့"ဟု သနားပိုက်ပြီး "ခိုသောအခါ မင်းစိတ်မှာ ကြည်ညိုပါလားကွယ်"ဟု မေးမြန်းရာ။

ရေသားက"အမှန်အတိုင်း ကြည်ညိုဖို့ ဝေးစွ စားစရာသာ ကြည့်နေခဲ့ကြောင်း"ကို"ကြည်ညိုဝေးစွာ ကျွန်တော့်မှာ စားစရာသာ ကြည့်ခဲ့တယ်"ဟူ၍ ဖြေဆိုလေသည်။

၎င်းပြင်"ကျွန်တော်မျိုးစားသောက်စရာကြည့်ယင်း မကျွေးယင် သည်ဘုန်းကြီး နှမြောတဲ့ဘုန်းကြီးပဲဟု ဆိုခဲ့ကြောင်း၊ မိမိချည်းသာမက သူများလဲဆိုကြကြောင်း" ကို "စားစရာလျှင် ကြည့်၍မြင် ဘုန်းကြီးကပင် နှမြောတယ်၊ ကျွန်တော်ချည်းသာ မဟုတ်ပါ သူတကာလဲဆိုကြတယ်"ဟူ၍ ဆိုလေသည်။

၂၅။ ကျောင်းပစ္စည်းများ အမောင့်အား မစားမသောက် ကင်းလားကွယ်၊
စားသည့်ထမင်း ဝမ်းတောင့်တင်း ကျောင်းကအနိုင်ဆင်းခဲ့တယ်။

ဆက်လက်၍ ယမမင်းသည်- "အမောင်ယောကျ်ား.... ကျောင်းပစ္စည်းများ မစားမသောက်ပဲ ရှောင်ကြဉ်ခဲ့ရဲ့လား" ဟု "ကျောင်းပစ္စည်းများ အမောင့်အား မစားမသောက် ကင်းလားကွယ်"ဟု မေး မြန်းရာ။

"အိုယမမင်း ကျွန်တော်မရှောင်ကြဉ်ခဲ့ပါ။ ကျောင်းထမင်း ကျောင်းဟင်း သိပ်စားခဲ့ပါတယ်၊ စားလွန်းလို့ ဝမ်းပြည့်နေ၍ ကျောင်းပေါက အနိုင်ဆင်းနိုင်ပါသည်" ဟူသော အဓိပ္ပာယ်ဖြင့် "စားသည့်ထမင်း ဝမ်းတောင့်တင်း ကျောင်းက အနိုင်ဆင်းခဲ့တယ်"ဟု ဖြေဆိုလေသည်။

၂၆။ စားသည့်မယွင်း ကျောင်းတလင်း ခတ်ခြင်း တံလျှည်းမြက် လားကွယ်။
မလျှည်းမိပါကျွန်တော်မှာစားပြီးကျောင်းကပြန်ခဲ့တယ်။
ကျွန်တော်တို့ရွာ လူတွေဟာ သည်လိုချည်းသာစားကြတယ်။

"အမောင်ယောကျ်ား....စားတာကိစ္စမရှိပါဘူး၊ကျောင်းက ဝေယျာဝစ္စ အမှုကြီးငယ်လုပ်ယင်း ကျောင်းကဟာစားကောင်း

ပါတယ်။ စားသောက်ပြီး ကျောင်းဝိုင်းထဲ အမှိုက်လှည်းခြင်း၊ မြက်များထိုးခြင်း၊ သုတ်သင်ခြင်းတို့ကို ပြုလုပ်ခဲ့ရဲ့လား” ဆိုသော အဓိပ္ပာယ်ဖြင့် “စားသည့်မယ့်မယ်ဆိုင်း ကျောင်းတလင်း ခတ်ခြင်း တံမြက်လှည်းလားကွယ်”ဟု မေးသေရာ။

ငရဲသားက “အိုယမရာဇာ....ကျောင်းတလင်း အမှိုက်တခါမျှ မလှည်းခဲ့ဖူးပါဘူး၊ မြက်လဲတခါမှ မထိုးခဲ့ဖူးပါဘူး၊ ကျွန်တော်ချည်းမဟုတ်ပါ၊ ကျွန်တော်တို့ရွာတရွာလုံး သည်လိုပဲ ကျောင်းက ဝေယျာဝစ္စမလုပ်ပဲ စားကြပါတယ်” ဟူသော အဓိပ္ပာယ်ဖြင့်“မလှည်းမိပါ ကျွန်တော့်မှာ စားပြီးကျောင်းက ပြန်ခဲ့တယ်။ ကျွန်တော်တို့ရွာ လူတွေဟာ သည်လိုချည်းသာ စားကြတယ်”ဟူ၍ ဖြေဆိုလေသည်။

၂၇။ အမောင်ယောကျာ်း မင်းဖြစ်ငြား သနားပါဘိတယ်။
ဥပုသ်စောင့်ခန်း ရှေ့သို့လှမ်း မေးစမ်းပါဦးမယ်၊
ဥပုသ်အင်္ဂါအရိယာ ဖြူစွာသီလစောင့်လားကွယ်။
ဘုန်းကြီးများထံ သီလခံ ကြက်ဆူညံအောင်ပြောခဲ့တယ်။

ယမမင်းသည် ငရဲသားအပေါ်အား အလွန်လျှင် သနားကြင်နာခြင်း ဖြစ်လေသည်။ ယင်းသို့ သနားကြင်နာခြင်းဖြစ်ပုံကို မျိုသိပ်၍ မထားနိုင်သဖြင့်- “အမောင်ယောကျာ်း မင်းဖြစ်ငြား သနားပါဘိတယ်”ဟု ထုတ်ဖော်ပြောဆိုလေသည်။

“အိုအမျိုးသား....ဆက်လက်၍ ဥပုသ်စောင့်ခန်း မေးမြန်းလိုသေး၏။ ဥပုသ်သီတင်း လပြည့်နေ့ဥပုသ်၊ လကွယ်နေ့ဥပုသ်၊

လဆန်း ၈-ရက်နေ့ဥပုသ်၊ လဆုတ် ၈-ရက်နေ့ဥပုသ်များမှာ ဥပုသ်စောင့်သုံးရဲ့လား။

အဓမ္မခေါင်ယောကျ်ားဥပုသ်ကလဲ—

(၁) နိဂဏ္ဌဥပုသ်။

(၂) ဂေါသီလဥပုသ်။

(၃) အရိယာဥပုသ်—

ဟူ၍ သုံးမျိုး ရှိပေတယ်၊ ယင်းသုံးမျိုးတွင် အကျိုးမရှိ ဒိဋ္ဌိ ဝါဒ နိဂဏ္ဌတက္ကတွန်းတို့ သုံးမသည့်အတိုင်း စောင့်သုံးအပ်သော ဥပုသ်ကို နိဂဏ္ဌဥပုသ်ဟုခေါ်သည်၊ သီလခံယူပြီး ကမ္ဘာ့ဌာန်းဘားသနာ မပွားများပဲ စားဝတ်နေရေး အကြောင်းကို စုပြောအချိန်ဖြုန်းသော ဥပုသ်မျိုးကို ဂေါသီလဥပုသ်ဟု ခေါ်သည်။ ဥပုသ်ဆောက်တည်ပြီး နေ့ငါးပါး ရုပ်နာမ်တရားတို့ကို အနိစ္စ၊ ဒုက္ခ၊ အနတ္တ စသည်ရှုမှတ်ဆင်ခြင်ခြင်း စသည်ဖြင့် များမြတ်သော အကျိုးရှိအောင် ကျင့်သုံးသည့်ဥပုသ်ကို အရိယာဥပုသ်ဟုခေါ်သည်။ အဲဒီတော့ အရိယာဥပုသ်ဖြစ်အောင် စောင့်ရဲ့လား”ဟူသော အဓိပ္ပာယ်ဖြင့်—“ဥပုသ်အင်္ဂါအရိယာ ဖြူစွာ သီလစောင့်လားကွယ်”ဟူ၍ မေးမြန်းလေသည်။

ထိုအခါ ရေသားက “အိုယမမင်း...ဥပုသ်စောင့်ပါတယ်။ သို့ပေမယ့် ဘုန်းတော်ကြီး များထံ သီလခံယူပြီး ကြက်ကြက်ဆူဆူ ဖြစ်အောင် စကားပြောခဲ့ပါတယ်။ တခါတလေ ဘုန်းကြီးများက ‘ဥပုသ်သည်တွေ စကားများလှချီလား’ သည်ဖြင့် ဆုံးမတော်မူကြသည်” စသည့် အဓိပ္ပာယ်ဖြင့်- “ဘုန်းကြီးများထံ သီလခံ ကြွက်ဆူညံအောင် ပြောခဲ့တယ်”ဟူ၍ ဖြေဆိုလေသည်။

၂၈။ ပြောသောစကား မင့်ဖြစ်ပြား တရားအကြောင်းလာ ကွယ်။
လယ်ယာကျွဲနွား ပြောင်းစပါး သားမယားကြောင်းပြောခဲ့ တယ်။
စပ်မိစပ်ရာပြောလိုက်တာ နွားချင်းလဲရာရောက်သေးတယ်၊
စကားမဆုံး တနေ့လုံး အုံ့အုံ့ကြွက်အောင် ပြောခဲ့တယ်။
သည်လိုနှင့်ပင် နေသာဝင် အိမ်လှျင်ပြန်ခဲ့တယ်။
ဥပုသ်စောင့်ရာ ပြောကြတာ မိုးမရွာကြောင်းသာ များ လေတယ်။

ဆက်သက်၍ ယမမင်းက "အိုလူသား... ကြွက်ဆူညံအောင် ပြောတယ်ဆိုတာ တရားကြောင်းများလား" ဟု မေးရာ—

"အိုယမင်းကြီး... ဘယ် တရားကြောင်းဟုတ်မှာလဲ၊ လယ်ယာအကြောင်း၊ ကျွဲနွားအကြောင်း၊ ပြောင်းအကြောင်း၊ စပါးအကြောင်း၊ ဘယ်သူ့သားနဲ့ ဘယ်သူ့သမီး မင်္ဂလာဆောင်မလို၊ ဘယ်မိန်းမနှင့် ဘယ်ယောကျ်ားကဲ့ကြပြီ စသည်ဖြင့် သားအကြောင်း မယားအကြောင်းတွေ များပါတယ်။ စပ်မိစပ်ရာ ပြောလိုက်ကြတာ နွားချင်းလဲရာတောင် ရောက်သွားပါသေးတယ်။ အရှင်ယမမင်း သည်လိုနဲ့ နေဝင်တော့ အိမ်ပြန်ခဲ့ပါတယ်။ ဥပုသ်စောင့်ရာမှာ မိုးမရွာကြောင်းတွေလဲအများချည်း ပါပါတယ်" ဟူသောအဓိပ္ပါယ်မျိုးဖြင့်—

"လယ်ယာကျွဲနွားပြောင်းစပါး သားမယားကြောင်း ပြောခဲ့တယ်။ စပ်မိစပ်ရာ ပြောလိုက်တာ နွားချင်းလဲရာရောက်သေးတယ်။ စကားမဆုံး တနေ့လုံး အုံးအုံ့ကြွက်အောင်ပြောခဲ့တယ်။

သည်လိုနှင့်ပင် နေသောင် အိပ်လျှင်ပြန်ခဲ့တယ်။ ဥပုသ်စောင့်ရာ ပြောကြတာ မိုးမရွာကြောင်းသာ များလေဘယ်''ဟု လျှောက်ဆိုလေသည်။

ဥပုသ်စောင့်ရာ ပြောကြတာ မိုးမရွာကြောင်းသာ များလေတယ်''ဟု လျှောက်ဆိုလေသည်။

၂၉။ သီလပြောက်ကျား စောင့်လေငြား မိုးကားကွက်ကျား
ရွာတတ်တယ်။
မင်းတို့လူ့ဘောင် သီလကြောင် မိုးရှောင်ကွင်းတတ်
တယ်။
မင်းတို့ဖြစ်ပုံ အလုံးစုံ အကုန်တွေ့ပကွယ်၊
မင်းတို့စောင့်တာ ဥပုသ်မှာ ထမင်းဆာတာ သနားတယ်။
ဘာဝနာလမ်း ကမ္မဋ္ဌာန်း စီးဖြန်းပါလားကွယ်။
ဘာဝနာလမ်း ကမ္မဋ္ဌာန်း စီဖြန်းနည်းခဲ့တယ်။

ယမမင်းက ''သီလပြောက်ကျား စောင့်ကြတဲ့အတွက် လူ့ပြည် ဌာန လူ့လောကမှာ ကွက်တိ ကွက်ကျား မိုးရွာပုံ၊ မိုးမရွာပဲ ရှောင်ကွင်းပုံတို့ကို ''သီလ ပြောက်ကျား စောင့်လေငြား မိုးကားကွက်ကျား ရွာတတ်တယ်။ မင်းတို့လူ့ဘောင် သီလကြောင် မိုးရှောင်ကွင်းတတ်တယ်'' ဟူ၍ မိန့်ဆိုလေသည်။

ရင်းပြင် ''စကားပြော အချိန်ဖြုန်း ဥပုသ်စောင့်တာဖြင့် ထမင်းဆာတာ အကုန်ကြ သနားမိတယ်''ဟု ပွင့်ပွင့်လင်းလင်း တိုက်ရိုက်ဆိုလေသည်။

ရင်းပြင် ယမရေးစာသည် ရေသား ယောကျ်ားအား ''ဘာဝနာလမ်း ကမ္မဋ္ဌာန်း စီးဖြန်းပါလားကွယ်''ဟု မေးမြန်း

ရာ ရေဲသားက ဘာဝနာ ကမ္မဋ္ဌာန်း စီးဖြန်းမှုနည်းခဲ့ကြောင်း "ဘာဝနာလမ်း ကမ္မဋ္ဌာန်း စီးဖြန်းနည်းခဲ့တယ်" ဟု လျှောက်ဆိုလေသည်။

၃၀။ တရားစကား အမေဒင်အား ဆွေးနွေးပါလားကွယ်။
တတ်တယ်ဆိုလျှင် ကျွန်တော်ပင် အလွန်မေးချင်တယ်။

ယမမင်းက "အို...လူသား သင် လူ့ပြည် အကြာကြီးနေခဲ့တဲ့ အတောအတွင်း တရားစကားများ ဆွေးနွေးခဲ့ရှိသလား" ဟု မေးရာ-

ရေဲသားက "အို...ယမမင်းကြီး ကျွန်တော်က တတ်တယ်ဆိုလျှင် အလွန်ကို မေးချင်ပါတယ်" ဟု ဖြေလေသည်။

၃၁။ မေးသောအခါ ငင့်စိတ်မှာ ဘာဝနာလားကွယ်။
မင်းမြိန်ခိုင်က အရှက်ရ နာမည်လှလှ ပျက်အောင် မေးခဲ့တယ်။
တခါတခါ ကျုပ်တို့ရွာ စကားသာ ပြောကြတယ်။
သင်္ဂြိုဟ်သေးပေါက် ကောက်သင်းကောက် ရောက်မိရောက်ရာ ငြင်းခဲ့တယ်။
ကျွန်တော်ကတော့ တတ်ဟန်ဆောင် ဖောင်ဖောင်လံအောင် ငြင်းခဲ့တယ်။

ယမမင်းက ဆက်လက်၍ "အို...လူသား မေးတာဟာ ကောင်းပါတယ်။ အဲဒီလို မေးတော့ ငင့်စိတ်ထဲမှာ ဘာဝနာ ဖြစ်အောင် ရည်စူးပြီး မေးတာ ဟုတ်ရဲ့လား" ဟု မေးလေရာ-

ငရဲသားက "ဘယ်ဟုတ်မလဲ ယမမင်းရာ၊ မဖြေနိုင်လျှင် မျက်နှာမလှ အရှက်ရပြီး နှာမည်ပျက်အောင် မေးတာပါ။ တခါတခါ ကျွန်တော်တို့ရွာမှာ သာရေးနာရေး ရှိလျှင် စာစကား ပြောကြပါတယ်။ တချို့က တပိုင်းသိတာနဲ့ ဘေးကဖောက်ဖောက်ပြီး ဆင့်ကိုဟ်ကား အတိခမ္ဘာစကား ပြောကြဆိုကြ ငြင်းကြပါတယ်။ အဲဒီထဲ ကျွန်တော်လဲ တတ်ဟန်ဆောင်ပြီး ဖောင်ဖောင်လံအောင် ငြင်းခဲ့ပါသေးတယ်" ဟု ဖြေဆိုလေသည်။

ကျေးဇူးရှင် လယ်တီဆရာတော်ဘုရားကြီးကသည်း "မာန်မာန ထောင်ပြီ စာငြင် လျှင် အပါယ်ကျရောက်တတ်ကြောင်း" ကို အောက်ပါ ပိဋကတ် အစွယ်ချိုး တေးထပ်ဖြင့် သတိပေးတော်မူခဲ့သည်။

## ပိဋကတ်အစွယ်ချိုး တေးထပ်

တပိုင်းကြောင် ကျက်စာရရုံနှင့် ခက်ပါလှသဒ္ဒါဉာဏ်။

ထက်မာန အပြောသန်တယ်၊ ဒေါသမာန်ထူပွား။

စေဒက တုဇက်လှာလျှင် သူ့သက်ငါ ငြင်းတဲ့လူစား။

ဘုရားဟော မြတ်ဓမ္မခန်းကို ဘတ်ခေလဟန်ရှောင်ဝါ။

ပရမတ်မြန် အကြောင်းဆမားတွေတို့ ထောင်လွှားကြ သူ့ထက်ငါ။

အသိဉာဏ် ထထွာလောက်ကယ်နှင့် ညှာမထောက် ဟောတတ်လှပါ။

ပရိသတ် ထောမနာအောင်၊ စောဒနာ ဉာဏ် အကောက်တွေနှင့်။

ကန်အကြောက်အတင်းမရှောင် ငြင်းတဲ့လူ့ဘောင်။

ပိဋကတ်အစွယ်ထောင်လျှင် အပါယ်ဘောင်ဆင်းရ လိမ့်လေး။ ။

ဖော်ပြပါ တေးထင်ကို အရဆောင်၍ ဆောင်လှသွားချင်သည့် သဘောမျိုးဖြင့် မငြင်းမိအောင် သတိပြုရာ၏။ အချင်းချင်း ဉာဏ်ပညာ တိုးတက်အောင် ဆွေးနွေးခြင်းကား အလွန် ကောင်းပါသည်။

၇၂။ ငြင်းသောအခါ မင့်စိတ်မှာ ဘယ်လိုပါလဲတယ်။
ကျွန်တော်ကပင် ဂုဏ်လိုချင် တတ်သည်ထင်အောင် ငြင်းခဲ့တယ်။
ကျွန်တော်တို့ရွာ လူတွေဟာ စာငြင်းတာနှင့် ရန်ဖြစ် တယ်။

ယမမင်းသည် ငရဲသားအား ''ဘယ်လိုစိတ်နှင့် ငြင်းတယ် ဆိုတာ သိလိုသည်။ အကယ်၍ ကုသိုလ်စိတ်နှင့် ငြင်းတယ်။ မသိလို့ သိအောင် ဆွေးနွေးတဲ့ သဘောနှင့် ငြင်းတယ်ဆိုလျှင် မေ့သာနု သဘော သက်ရောက်၍ ယင်းကောင်းမှုဖြင့် ငရဲမှ

လွတ်နိုင်စရာရှိ၏ဟု အမှန်သိရန် ငြင်းသောအခါ မင့်စိတ်မှာ ဘယ်လိုပါလဲကွယ်''ဟု မေးလေသည်။

ငရဲသားသည် မကွယ်မဝှက်ပဲ "ကျွန်တော်ကာပင် ဂုဏ်လိုချင် တတ်သည့်ထင်အောင် ငြင်းခဲ့တယ်'' ဂုဏ်လိုချင်သဖြင့် ငြင်းကြောင်း၊ မိမိအခေါ် စာပေကျမ်းဂန်တတ်ကြီး ထင်သာအောင် ငြင်းခဲ့ကြောင်း၊ လူတွေ စာငြင်းတာနဲ့ ရန်ဖြစ်ကြောင်း''တို့ကို လျှောက်တင်လေသည်။

၃၃။ **အမောင်ယေးကျား လျှောက်စကား အမှားတွေသာ**
**များခဲ့တယ်။**

**အားကိုးစရာ ကုသိုလ်မှာ ဘယ်ဟာကိုမျှ မရှိတယ်။**

**တခုကိုမျှ မေးမရ ငမ်းနည်းလှချေတယ်။**

**အမောင့်ဖြစ်တွေ သနားလေ လူ့မပြေမယားမကယ်**
**တယ်။**

**အမောင့်ဖြစ်ပုံ အလုံးစုံ အကုန်သနားတယ်။**

ယမမင်းသည် ငရဲသားအား ကျေနပ်လောက်အောင် ဘာမျှမေးမရသည့်အတွက် စိတ်မကောင်းဖြစ်နေသည်၊ ငရဲသားကိုလည်း သနားသည်။ သို့သော် ငရဲလွတ်အောင် မတတ်နိုင်ချေ။ တကယ်လို့ ဒါနကောင်းမှု၊ သီလကောင်းမှု၊ ဘာဝနာကောင်းမှု တခုခု အနည်းငယ်ပါလျှင်အောင် လွတ်အောင် လုပ်နိုင်၏။ ယခုတော့ ကုသိုလ်မှုမပါ အကုသိုလ်မှုတွေသာ ပါလာသည်၊

သို့ဖြစ်၍ "အမောင်ယောကျ်ား လျှောက်စကား အမှား တွေသာ များခဲ့တယ်" "အို-အမျိုးသားယောကျ်ား မင်း စကားတွေဟာ အလဲ့အမှားတွေသာ များတယ်၊ မောင်မင်း အမှားတွေ များများကြီး လုပ်ခဲ့သူဖြစ်တယ်"

"အားကိုးစရာ ကုသိုလ်ဟာ ဘယ်ဟာကိုမျှ မရှိတယ်" "အမောင်ယောကျ်ား အားကိုးရာ တစ်ခုမှ မရှိပါကလား၊ တနေ့ကိုမျှ မေးမရ ငမ်းနည်းလှချေတယ်၊ အို…အမျိုးသား ကုသိုလ်ပုည တခုတလေမျှ မေးမရသည့်အတွက် အလွန် ငမ်း နည်းပါတယ်၊ စိတ်မကောင်းပါ"

"အမောင်ဖြစ်တွေ့ သနားလေ လူ့ပြည်မယားမကယ် တယ်" "အို…အမျိုးသား ယခုတော့ အမောင့်ကို လူ့ရပ်ရွာနှင့် လူ့ပြည်က မယားလဲ မကယ်နိုင်တော့ဘူး၊ ကိုယ်ကျိုးနည်းပြီ၊ ငါးပါးမှောက်ပြီ"

"အမောင့်ဖြစ်ပုံ အလုံးစုံ အကုန်သနားတယ်" "အမောင့် ဖြစ်ပုံ အလုံးစုံတွေကို ပြန်မပြောင်း အောက်မေ့ကြည့်ပြီး သနား လှပါတယ်" ဟု ယမမင်းသည် ကရုဏာ အတိပြီးတဲ့ မျက်လုံး အစုံဖြင့် ကြည့်ရှုကာ ပြောဆိုလေသည်။

## ယမရာဇာ ပြောသောခါ မျှော်မှိုင်၍နေရှာတယ်

ငရဲသားသည် ယမမင်းက အကြောင်းစုံ ပြောဆိုနေသော အခါ လူ့ပြည်တုန်းက သားသမီး ဇနီးမယား ကောင်း ကောင်း စားဖို့ ကောင်းကောင်းဝတ်ရဖို့ ကောင်းကောင်း

ကြွားရဖို့, အကုသိုလ်မှုတွေ ပြုခဲ့တာ တွေးကြံပြီး မျက်ရည်တွေ ဥလာရာက တပေါက်ပေါက်ကျလာပြီး မှိုင်ခနေရှာတော့သည်။

## ငရဲထိန်းတွေက ဆွဲယမ်းခေါ်ဆောင် ငရဲချနှိပ်စက်ပြီ

ယင်းသို့ မျက်ရည်ပေါက်ကြီးငယ်ကျ မှိုင်တွေနေစဉ် လှံ, ခက်နှင်း, သံတင်းပုတ် စသည့် လက်နက်တွေ ကိုင်ထား သည့် ငရဲထိန်းတွေက အဘင်းအခွန့ ကျက်ခံရမည့် ငရဲသို့ ခေါ်ဆောင်၍ ချသွင်း ရိုက်နှက် ထိုးခုတ် သတ်ဖြတ် ကြကုန်၏။ ယင်းကို ရည်ရွယ်၍ "သည်လေသာအခါ ငရဲသွား ဆွဲဝ ချတော့တယ်" ဟု သံပေါက်ဆရာ ဆိုခဲ့သည်။

## အားကိုးစရာ ဒါနမှု, သီလမှု, ဘာဝနာမှုပြုကြပါ

အို...သူတော်ကောင်း သံသရာ ကျင်လည်ရတာ ဘယ်လောက် ကြောက်စရာ ကောင်းသတုံး၊ အောက်က ငရဲတွေ ရှိတယ်။ အထက်က နတ်ပြည်တွေ ဗြဟ္မာပြည်တွေ ရှိတယ်။ ကာယဒုစရိုက်, ဝစီဒုစရိုက်, မနောဒုစရိုက် ပြုသူတွေ အောက်က ငရဲပြည်တွေ ရောက်ကြရမှာ ဖြစ်တယ်၊ ဒါနမှု သီလမှု, ဘာဝနာမှု ပြုသူတွေ အထက်နတ်ပြည်မှ နိဗ္ဗာန်တိုင် အကျိုးရမှာ ဖြစ်တယ်၊ သို့ဖြစ်၍ ဒါနမှုပြုကြပါ၊ သီလမှုပြုကြပါ၊ ဘာဝနာမှု ပြုကြပါလေ၊ အစဉ်အဆက် သူတော်ကောင်းများ ပြောခဲ့တဲ့ "ရေဗူးနှင့် မိနပ်မာ ရေရှိခါမှသိ ဒါနနှင့် သီလပါ သေခါမှသိ" ဟူသည့် စကားကို စွဲမြဲစွာ မှတ်သား၍ ဒါနမှု, သီလမှု, ဘာဝနာမှု ပြုကြကုန်ရာသတည်း။

(ဆောင်) အကုသိုလ်မှု အစုစု မပြုရှောင်ပါလေ၊
တတ်အားသမျှ လှူဒါန မုချပြုပါလေ။
ငါးဖြာရှင်ဖြာ ကျင့်သီလာ မကွာစောင့်ပါလေ။
ဘာဝနာတရား ရှုပွားများ ကြိုးစားကျင့်ပါလေ။
ယင်းသို့ ကျင့်လျှင် ထက်ခွင်ဒေဝါ အမတာနိဗ္ဗာန်
ငင်ရောက်စံ ကောန်မြဲလှခင်။

**ယမမင်းထံ အစစ်ခံသံပေါက် အဖြေကျမ်း နိဂုံး**

ယမမင်းထံ အစစ်ခံ သံပေါက် အဓိပ္ပာယ်ကို ဒါယကာ, ဒါယိကာမအပေါင်း သူတော်ကောင်းတို့ ကောင်းကောင်းကြီး သိစေချင်သည့် မနောစေတနာ အမှန်ပင်ရှိပါသဖြင့် "ယမမင်းထံ အစစ်ခံသံပေါက် အဖြေကျမ်းငယ်"ကို စာဝါပိတ်ချက်ဖြစ်သော ၁၃၄၃-ခုနှစ် သီတင်းကျွတ်လဆုတ် ၂-ရက် မိုးချုပ်ချိန်က စတင် ရေးသား ဖွင့်ဆိုရာ ယနေ့ ၁၃၄၃-ခုနှစ် သီတင်းကျွတ် လဆုတ် ၄-ရက်နေ့ ညနေ ၆-နာရီအချိန်တွင် အောင်လံစိုက် ဆောက် ပြီးမြောက်ပါသဖြင့် အောက်ပါ သံပေါက်ဘဲျဖြင့် နိဂုံးအုပ်လိုက်ပါသည်။

—၀—

## နိဂုံးသံပေါက်

မင်္ဂလာအောင်မြို့ သာပေါင်းကြို့ ပခုက္ကူမြို့ဒွာနီ။
မဟာဝိသုတာ အာရာမ ဝိဇ္ဇာယဘာနုမည်။
စာရေး စာချ ဉာနှစ်ပ မုချပြုလုပ်သည်။
အရှင်ကေလာသ မည်နာမ ဘွဲ့ရပါမထေရ်၊
ဤသံပေါက်ကျမ်း အဖွင့်ဆန်း ကြိုးပမ်းအားသစ်တည်။
သုတေသီများ သံ့ပွား ကြိုးစားကြည့်ထိုက်သည်။

ယမမင်းထံ အစစ်ခံ သံပေါက် အဖွင့်ကျမ်း ပြီး၏။

—o—

# အရှင်ကေလာသ ပြုစုသော

## ကျမ်းစာများ

၁။ အဘိဓမ္မာဂုဏ်ရည်ကျမ်း။
၂။ တိပိဋကအတ္ထုဒ္ဓါရသူစိကျမ်း။
၃။ တိပိဋကသုတ္တသူစိကျမ်း။
၄။ အင်္ဂလိပ် ပါဠိ အဘိဓာန်။
၅။ ပါဠိ အင်္ဂလိပ် အဘိဓာန်။
၆။ သက္ကတ မြန်မာအဘိဓာန်။
၇။ ပခုက္ကူ သာသနာဝင်။
၈။ မဟာဝိသုတာရာမသာသနာဝင်။
၉။ မန္တလေးသာသနာဝင် ပဌမတွဲ။
၁၀။ မန္တလေးသာသနာဝင် ဒုတိယတွဲ။
၁၁။ မန္တလေးသာသနာဝင် တတိယတွဲ။
၁၂။ မန္တလေးသာသနာဝင် စတုတ္ထတွဲ။
၁၃။ မန္တလေးသာသနာဝင် ပဥ္စမတွဲ။
၁၄။ မန္တလေးသာသနာဝင် ဆဋ္ဌမတွဲ။
၁၅။ မန္တလေးသာသနာဝင် သတ္တမတွဲ။
၁၆။ မန္တလေးသာသနာဝင် အဋ္ဌမတွဲ။
၁၇။ မန္တလေးသာသနာဝင် နဝမတွဲ။
၁၈။ မန္တလေးသာသနာဝင် ဒသမတွဲ။
၁၉။ မန္တလေးသာသနာဝင် ဧကာဒသမတွဲ။

၂၀။ မန္တလေးသာသနာ့ဝင် ဒွါဒသမတွဲ၊
၂၁။ မန္တလေးသာသနာ့ဝင် တေရသမတွဲ။
၂၂။ မန္တလေးသာသနာ့ဝင် စုဒ္ဒသမတွဲ။
၂၃။ မန္တလေးသာသနာ့ဝင် ပန္နရသမတွဲ၊
၂၄။ ပုဂံ သာသနာ့ဝင်။
၂၅။ ပင်းယ သာသနာ့ဝင်။
၂၆။ အင်းဝ သာသနာ့ဝင်။
၂၇။ စစ်ကိုင်း သာသနာ့ဝင်။
၂၈။ အမရပူရ သာသနာ့ဝင်။
၂၉။ ရွှန်းလုံး ငြိမ်ပြည့် သာသနာ့ဝင်။
၃၀။ သီဟိုဠ် ရဟန္တာများ။
၃၁။ သီဟိုဠ်ဘုရားစုံသမိုင်း၊
၃၂။ စေတီယုပ္ပတ္တိဒီပနီ။
၃၃။ ပခုက္ကူဘုရား ငုံသမိုင်း။
၃၄။ ပခုက္ကူရှင်ကျင့်ဝတ်။
၃၅။ ပခုက္ကူ စာချနည်း။
၃၆။ ပခုက္ကူ ဇေဝက်ချကျမ်း။
၃၇။ ပခုက္ကူသဒ္ဒါသုတ်နက်။
၃၈။ ပခုက္ကူဂုဏ်တော်ဖွင့်။
၃၉။ ပခုက္ကူဘုရားရှိခိုးကျမ်း။
၄၀။ ပခုက္ကူစာစပ်ကျမ်း။
၄၁။ ပခုက္ကူနိပါတ်နက်များကျမ်း။
၄၂။ ပခုက္ကူ ပရိတ်နိဿယကျမ်း။

၄၃။ ပါဠိ ပါဌ မဉ္ဇူရိ ပါဠိဖတ်စာ။

၄၄။ ဥပုသ်သည်များလက်စွဲ။

၄၅။ တိပိဋက ပါဠိ မြန်မာ အဘိဓာန်အတွဲ ၉ (ပါဝင်ပြုစု)

၄၆။ တိပိဋက ပါဠိ မြန်မာ အဘိဓာန် အတွဲ ၁၁
(ပါဝင်ဦးစီးပြုစု)။

၄၇။ တိပိဋက ပါဠိ မြန်မာ အဘိဓာန် အတွဲ ၁၁
(ပါဝင်ဦးစီးပြုစု)။

၄၈။ တိုက်အုပ်ဆရာတော် အရှင်နန္ဒိယ၏ ထေရုပ္ပတ္တိဒီပနီ
နှင့် အဖိုးတန်စာပေများ။

၄၉။ အဘိဓဇမဟာရဋ္ဌဂုရု အရှင်သုန္ဒရ၏
မဟာထေရစရိတ။

၅၀။ အဂ္ဂမဟာပဏ္ဍိတ အရှင်နန္ဒဝံသ၏
ထေရုပ္ပတ္တိဒီပနီ။

၅၁။ ကျောက်ဖူးဆရာတော် အရှင်ကလျာဏ၏
ကလျာဏထေရဂုဏ်ရည်။

၅၂။ ဝါးကန်ဆရာတော် အရှင်သုန္ဒရ၏
ဝါးကန်ထေရဂုဏ်ရည်။

၅၃။ သံပုရာပင်ကုန်းဆရာတော် အရှင်အရိယ၏
အရိယထေရဂုဏ်ရည်။

၅၄။ ကျွန်းဦးရွာ မဟာဝိဇိတာရာမတိုက် ဆရာတော်
အရှင်ဉာဏုတ္တရ၏ မဟာဝိဇိတာရာမထေရာပဒါန်။

၅၅။ ရေကြည်ဆရာတော်ဘုရားကြီး အရှင်ဂန္ထသာရ၏
မဟာထေရုပ္ပတ္တိဒီပိကာ။

၅၆။ အဂ္ဂမဟာပဏ္ဍိတ အရှင်ပညာဆရာတော်ဘုရားကြီး၏ မဟာသေရလလိတ။

၅၇။ သာသနာပိုင်ဆရာတော် ဦးဥေယျ ထေရုပ္ပတ္တိ။

၅၈။ အရှင်သုန္ဒရ ဆရာတော်ဘုရားကြီး၏ ဘုန်းတော်ဘွဲ့ ဂါထာခြောက်ဆယ်ပါဠိ နိဿယ။

၅၉။ အရှင်နန္ဒဝံသ ဆရာတော်ဘုရားကြီး၏ ဘုန်းတော်ဘွဲ့ ဂါထာရှစ်ဆယ် ပါဠိ နိဿယ။

၆၀။ အရှင်ပညာ ဆရာတော်ဘုရားကြီး၏ ဘုန်းတော်ဘွဲ့ ဂါထာကိုးဆယ် ပါဠိ နိဿယ။

၆၁။ ရေစကြိုဆရာတော်ဘုရားကြီး၏ ဘုန်းတော်ဘွဲ့ ဂါထာ ၁၀၀-ပါဠိ နိဿယ။

၆၂။ ကျွန်းဦးဆရာတော်ဘုရားကြီး၏ ဘုန်းတော်ဘွဲ့ ဂါထာသုံးဆယ် ပါဠိ နိဿယ။

၆၃။ လက္ခဏာတော်ငယ်ရှစ်ဆယ် ဘုရားရှိခိုးဂါထာ ပါဠိ နိဿယ။

၆၄။ လက္ခဏာတော်ကြီး သုံးဆယ့်နှစ်ပါး ဘုရားရှိခိုး ဂါထာ ပါဠိ နိဿယ။

၆၅။ တရားရှစ်ကွက် စက်လက္ခဏာ ဘုရားရှိခိုးဂါထာ ပါဠိ နိဿယ။

၆၆။ နမက္ကာရ ပါဠိ နိဿယ။

၆၇။ ရှင်ဥပဂုတ်ဘုရားရှိခိုး ဆယ့်နှစ်ဂါထာ ပါဠိ နိဿယ။

၆၈။ ပဉ္စသိခ သီချင်း ဂါထာ ပါဠိ နိဿယ။

၆၉။ မြစ်ခြေမြို့ အဘယာရာမတိုက် သောဘနာလင်္ကာရ သိမ်မော်ကွန်း ပါဠိ နိဿယ။
၇၀။ မရဏာသတိဘာဝနာ။
၇၁။ မူလပဏ္ဏာသအဋ္ဌကထာဂဏ္ဌိ။
၇၂။ ပိဋကသုံးပုံဘုရားရှိခိုး(၁၁၅-ဂါထာ ပါဠိ နိဿယ)
၇၃။ မဟာဝံသ ပါဠိ (သီဟိုဠ်ပါဠိမှ မြန်မာပါဠိပြန်ရေး)
၇၄။ ဒီပဝံသ ပါဠိ (သီဟိုဠ်ပါဠိမှ မြန်မာပါဠိပြန်ရေး)
၇၅။ အဘိဓမ္မာဘာဝနာ၏ ရှေးဘာဘာပေါက် ပြောဆိုချက်များ။
၇၆။ ပဋ္ဌာန်း အဘိဓာန် နိဿယသစ်။
၇၇။ တိပိဋကရေ ဝုတ္တနိသိဒ္ဓိပဉ်ကျမ်း။
၇၈။ ကစ္စည်းပဒ္ဓါနိတိ ပါဠိ နိဿယ။
၇၉။ တိပိဋကရေ ဝုတ္တနိဝိဓာသိနီ။
၈၀။ ဆယ်နှစ်ရာသီဘွဲ့ဂါထာ ပါဠိ နိဿယ။
၈၁။ ရေနံချောင်းမြို့ ရွှေတောင်တိုက်အုပ် ဆရာတော် အရှင်ဣန္ဒာစာရ၏ ထေရဝုတ္တနိဝိလာသိနီ။
၈၂။ သမန္တကူဋဝဏ္ဏနာ ပါဠိ (သီဟိုဠ်ပါဠိမှ မြန်မာပါဠိပြန်ရေး)
၈၃။ မဟာဝိသုဒ္ဓာရာမနိကာယ ဝင်ရှတ်စဉ်အဖွင့်။
၈၄။ မဟာဝိသုဒ္ဓာရာမနိကာယ သာသနာဝင်သစ်။
၈၅။ မဟာဝိသုဒ္ဓာရာမ၏ ဂဏဝါစက နိကာယသမိုင်း မှတ်တမ်း။
၈၆။ မဟာစည် ထေရဝုတ္တနိဝိလာသိနီ။
၈၇။ သာသနာဝင်ဘွဲ့တံဆိပ်တော်များသမိုင်း။

၈၈။ ၁၃၄၀-ပြည့် အဘိဓဇမဟာရဋ္ဌဂုရု ဆရာတော်ကြီး ၃-ပါးနှင့်အဂ္ဂမဟာပဏ္ဍိတဆရာတော်ကြီး ၁၀-ပါး တို့၏ အဖြစ်တော်စဉ် ထေရုပ္ပတ္တိ သန္နိဋ္ဌာန်။

၈၉။ အဂ္ဂမဟာပဏ္ဍိတအရှင်ဂန္ဓမာ၏မဟာထေရုပ္ပတ္တိဒီပနီ။

၉၀။ ပခုက္ကူ အဖိုးတန်စာပေများ။

၉၁။ မိဘမြတ်ကျေးဇူး။

၉၂။ ထခနောင်းခါ ထေရုဂုဏ်ချည်။

၉၃။ ၁၃၄၁-ခုနှစ် အဘိဓဇမဟာရဋ္ဌဂုရုဘွဲ့တံဆိပ်တော်ရ ဆရာတော်ကြီး ၂-ပါးနှင့်အဂ္ဂမဟာပဏ္ဍိတဘွဲ့တံဆိပ် တော်ရ ဆရာတော်ကြီး ၆-ပါးတို့၏ အဖြစ်တော်စဉ် မဟာထေရုပ္ပတ္တိပကာသနီ။

၉၄။ ပခုက္ကူ ရွှေဘန့်တစ် ဘုရားသမိုင်း။

၉၅။ ပဋ္ဌမအကြိမ် ဂိုဏ်းပေါင်းစုံ သံဃာ့အစည်းအဝေး သမိုင်းကျမ်း။

၉၆။ ရွှေကူဘုရားသမိုင်း။

၉၇။ နှစ်ကျိပ်ရှစ်ဆူ ဗုဒ္ဓဝင်။

၉၈။ ကလျာဏီ သာသနာဝင်။
(ပဲခူးကလျာဏီသာသနာဝင်ကျမ်း)

၉၉။ ပခုက္ကူ နမော တဿ အနက်များကျမ်း။

၁၀၀။ ဆရာမြတ်ကျေးဇူး။

၁၀၁။ တပည့်လိမ္မာ။

၁၀၂။ ယဂိရလမဟာဝံသ (သီဟိုဠ် ပါဠိမှ မြန်မာ ပါဠိ ပြန်ရေး)။

၁၀၃။ ပခုက္ကူ သဒ္ဒါသုတ်နုက်သစ်။

၁၀၄။ ပခုက္ကူ မောဂ္ဂလ္လာန်သုတ်နုက်။

၁၀၅။ ယမမင်းထံ အစစ်ခံ သံပေါက်ကျမ်းအဖွင့်။

၁၀၆။ ထုတ်ခေါင်ကမ္ဘဦဘာနုံး သံပေါက်အဖွင့်ကျမ်း။

၁၀၇။ တိပိဋက ပါဠိ အဋ္ဌကထာဋီကာ ဂါထာသူစိကျမ်း။ (ဦးစီးရေး)

၁၀၈။ ပခုက္ကူ ပဒေသာကျော်။

၁၀၉။ ပခုက္ကူ လက်ပံကျွန်းရွာ ပြည်လုံးချမ်းသာ ဘုရားသမိုင်း။

၁၁၀။ ပခုက္ကူ အနေကဇာတင် ပါဠိ နိဿယ။

သာသနာရေးဦးစီးဌာန
စာကြည့်တိုက် —၀—
ကမ္ဘာအေး၊ ရန်ကုန်

ဆရာတော် အရှင်ကေလာသ၏

အောက်ပါ ကျမ်းစာများကို ဖတ်ပါ

၁။ မန္တလေး သာသနာဝင်ကျမ်း ပဌမတွဲ၊
၂။ မန္တလေး သာသနာဝင်ကျမ်း ဒုတိယတွဲ၊
၃။ ပခုက္ကူ သာသနာဝင်ကျမ်း၊
၄။ စစ်ကိုင်း သာသနာဝင်ကျမ်း၊
၅။ ကလျာဏီ သာသနာဝင်ကျမ်း၊
၆။ ပခုက္ကူ အဘိဓာန် နိဿယသစ်၊
၇။ ပခုက္ကူ စာချနည်း၊
၈။ ပခုက္ကူ နိပါတ်နက်များကျမ်း၊
၉။ ပခုက္ကူ စာစပ်ကျမ်း၊
၁၀။ ပခုက္ကူ ရှင်ကျင့်ဝတ်၊
၁၁။ ပခုက္ကူ နမော တဿ အနက်များကျမ်း၊
၁၂။ ကဝိဒပ္ပဏနီတိကျမ်း။